မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဦးတန်ခူးလပြည့်ကျော် ၈ ရက်၊ ၂၀၀၈ ခုနှစ်၊ ဧပြီ ၂၈ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၀၆)

နိဗ္ဗာန သစ္ဆိကိရိယာ စ ဧတံ မင်္ဂလ မုတ္တမံ

နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည် မြတ်သော မင်္ဂလာမည်၏။

■ အခြေခံဥပဒေ အတည်ပြုရေးသည် ယနေ့ ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန် ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့ ။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အေးသာယာစက်မှုဇုန်ထုတ်ပစ္စည်းများ ကြည့်ရှုစစ်ဆေး

ဈေးကွက်စီးပွားရေး၌ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ကြီးပွားမည်

နိုင်ငံသားပုဂ္ဂလိက လုပ်ငန်းရှင်များ စက်မှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်

နေပြည်တော် ဧပြီ ၂၇

ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ဗထူးတပ်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ *စာမျက်နှာ ၃ ကော်လံ ၁* ■

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

မြန်မာနိုင်ငံတွင် မကြာမီ ပြဋ္ဌာန်းကျင့်သုံးနိုင်တော့မည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဖော်ပြပါ ကမ္ဘာ့ဒီမိုကရေစီ ယေဘုယျဖြစ်စဉ်အပေါ် အခြေခံပြီး မြန်မာနိုင်ငံနှင့် အံဝင်ခွင်ကျဖြစ်အောင် ရေးဆွဲဖော်ဆောင်ထားခြင်းဖြစ်သည်။ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံ၏ ပညာရေးအုတ်မြစ်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ပျိုးထောင်မြှင့်တင်မှုနှင့် ဆက်စပ်ယှဉ်တွဲ ရေးဆွဲထားကြောင်း လေ့လာတွေ့ရှိရသည်။

ကျော်မင်းအေး၏ဆောင်းပါး စာ–၁၀

မော်တော်ယာဉ်များ ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အေးသာယာစက်မှုဇုန်မှ ထုတ်လုပ်သည့် မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဧပြီ ၂၈ ရက်)

ဒီမိုကရေစီနိုင်ငံသစ်ကြီး ပေါ်ထွန်းလာရေး ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အတည်ပြုပေး

မြန်မာနိုင်ငံကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ်ထူထောင်ရေးသည် နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင် ဖြစ်သည်။ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက လိုလားတောင့်တနေသည့် ဆန္ဒလည်းဖြစ်သည်။

ယခုအချိန်အခါသည် ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်များ ထူထောင်ပေးနေသည့် ကာလဖြစ်သည်။ အခြေခံဥပဒေရေးဆွဲရေးကော်မရှင်က အမျိုးသားညီလာခံကချမှတ်ခဲ့သည့် အခြေခံမူများကို အခြေခံပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို အောင်မြင်စွာ ရေးဆွဲနိုင်ခဲ့ပြီး ဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း(၂၀၀၈)ကို မေလ ၁၀ရက်နေ့တွင် မြန်မာနိုင်ငံတစ်ဝန်း၌ ပြည်သူများ၏ဆန္ဒခံယူ အတည်ပြုတော့မည်ဖြစ်သည်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပသည့် နေရာတိုင်းတွင် မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်အားလုံး စိတ်ချမ်းမြေ့စွာ မဲပေးနိုင်ရေးအတွက် ကြိုတင်စီမံ ဆောင်ရွက်ထားသည်။ မဲရုံသို့လာရောက်သည့် မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲပေးပုံ ကြိုတင်သရုပ်ပြသမှု အစီအစဉ်များကို မီဒီယာများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပြသလျက်ရှိသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံသစ်ဆီ ဦးတည်လျက်ရှိသည့် အခြေခံဥပဒေသစ် အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် အမျိုးသားရေးအကျိုး ရည်မျှော်ပြီး မဲရုံသွား၍ ထောက်ခံမဲ ပေးရန် ဆန္ဒတူညီရှိနေကြပြီ ဖြစ်သည်။

မြန်မာနိုင်ငံသည် လူမျိုးပေါင်း၁၀၀ကျော် စုပေါင်းနေထိုင်ရာ ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာများကို ပြည်ထောင်စုဖွား တိုင်းရင်းသားများ ပါဝင်ကျင့်သုံးနိုင်ရန် အခြေခံဥပဒေသစ်က ဖော်ဆောင်ပေးထားသည်။ ထို့ပြင် ပြည်ထောင်စုကြီး ဥမကွဲသိုက်မပျက် အစွန့်ရှည်တည်တံ့ခိုင်မြဲစေရေးနှင့် တိုင်းပြည်ကို သူတစ်ပါးနောက်မြီးဆွဲ ဩဇာခံဘဝ မကျရောက်စေရေး အတွက် ကာကွယ်ထိန်းသိမ်းနိုင်ရန် အမျိုးသားရေးရည်မှန်းချက်များထားရှိ ဖော်ဆောင်လျက်ရှိသည်။ အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)သည် မျက်မှောက်ကာလ အခြေအနေမှန်များကို အခြေပြုပြီး အနာဂတ်အတွက် အကောင်းဆုံးမျှော်မှန်းရေးဆွဲထားသော အခြေခံဥပဒေသစ်ဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည် ယနေ့ပြည်သူအားလုံး၏ အမျိုးသားရေး တာဝန်ပင်ဖြစ်ရာ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် တစ်ခဲနက် ထောက်ခံအတည်ပြုပေးခြင်းဖြင့် အေးချမ်းသာယာဝပြောသော ဒီမိုကရေစီနိုင်ငံသစ်ကြီး အမြန်ဆုံးပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၂၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် သမိုင်း(၂)ရပ်ကွက် ဗဟိုလမ်း အမှတ်၇၀နေ ဦးကျော်သောင်း-ဒေါ်ယဉ်နု၊ သမီး ယဉ်ယဉ်ထွဏ်း၊ ခိုင်ခိုင်ထွဏ်းမိသားစုက အလှူငွေကျပ်တစ်သိန်းကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးထွန်းနှင့် ဦးအေးမြင့်တို့က လက်ခံယူသည်။ **(အောက်ပုံ)**

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါစောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆၊ ၇၁၀၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(က-ပ)**

ဟသ်ာတခရိုင်ရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသပေး ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်နှင့် ဝန်ကြီးဒေါက်တာကျော်မြင့် ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၂၇

ကျန်းမာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် စက္ခုပါလဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သော ဟသ်ာတခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးမှုကို ဧရာဝတီတိုင်း ဟသ်ာတမြို့ အထွေထွေရောဂါကု ဆေးရုံကြီး၌ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၅ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့ သွားရောက်၍ ဟသ်ာတခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များနှင့် အခြားမြို့နယ်အသီးသီးတို့မှ မျက်စိဝေဒနာရှင်များလာရောက်ပြသမှုကို ကြည့်ရှုအားပေးကြပြီး မျက်စိရောဂါခွဲစိတ်ကုသခဲ့သည့် လူနာများအား ဝန်ကြီးများက မျက်မှန်များကို တပ်ဆင်ပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီးများသည် ဆေးရုံကြီး လူနာကုသဆောင်ရှိ ခွဲစိတ်ပြီးလူနာများအား ကြည့်ရှုအားပေးကာ မျက်မှန်များကို တပ်ဆင်ပေးကြပြီး မျက်စိဝေဒနာကုသရန် ရောက်ရှိနေသော လူနာများအား လှည့်လည်ကြည့်ရှု အားပေးကြသည်။ **(အပေါ်ပုံ)**

ပံ့ပိုးစီစဉ်

ဟသ်ာတခရိုင် အထွေထွေရောဂါကု ဆေးရုံကြီးတွင် ဆောင်ရွက်လျက်ရှိသော မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်စစ်ဆေး ခွဲစိတ်ကုသပေးသည့်လုပ်ငန်းကို ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာတင်ဝင်းက ဦးဆောင်၍ ဆရာဝန်ကြီးများနှင့် ကျွမ်းကျင်သူ ပညာရှင် ၃၅ဦးပါဝင်ပြီး ကျန်းမာရေးဝန်ကြီးဌာနက ပံ့ပိုးစီစဉ်ဆောင်ရွက်ပေးသည်။

အခမဲ့တပ်ဆင်ပေး

ဟသ်ာတခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား ဧပြီ ၂၃ရက်မှ ယနေ့အထိ စမ်းသပ်ခွဲစိတ် ကုသပေးလျက်ရှိရာ စမ်းသပ်ခွဲစိတ်ကုသပေးခဲ့သည့် မျက်စိဝေဒနာရှင်ပေါင်း ၃၂၀၈ဦး၊ အသေးစား ခွဲစိတ်ကုသပေးခဲ့သည့် မျက်စိဝေဒနာရှင် ၂၃ဦးနှင့် အတွင်းတိမ်မျက်စိဝေဒနာရှင် ၇၄၄ဦးတို့အား ခွဲစိတ်ကုသပေးခဲ့ပြီး မျက်မှန် ၂၀၁၃လက်ကို အခမဲ့လှူဒါန်း တပ်ဆင်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၈-၄-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၂၀	၄။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄:၃၀	၅။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၄၅	၆။	မျိုးချစ်တပ်မတော်
၄:၅၀	၇။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၂၀	၈။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၅:၃၀	၉။	ဗွီဒီဒီကျော်ကြားတေးများ
၅:၄၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၃၅	၁၄။	လျှပ်တစ်ပြက်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း-၁၇)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မေးမြန်းစူးစမ်း
	၂၀။	သီဆိုဖြေဖျော် တစ်ကိုယ်တော်
	၂၁။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အဖြူရောင်မြွေမင်းသမီးလေး** (အပိုင်း-၅)

ဆက်ကပ်လှူဒါန်း

ဧပြီ၂၃ရက်က တည်ဆောက်လျက်ရှိသော စစ်ကိုင်းမြို့နယ် ဆားတောင်စံပြကျေးရွာ သီတဂူ ဗြဟ္မာယုအာယုဒါန ဆေးရုံသို့ ဆားတောင် ရေကြည်ရပ်နေ သတင်းထောက် ဦးသောင်းညွန့် (သက်ကြီး စာပေပညာရှင်၊ ကန်တော့ခံပုဂ္ဂိုလ်)နှင့် ဇနီးဒေါ်ဆိုးတို့က (အသက် ၈၅နှစ်) မွေးနေ့ဒါနအဖြစ် ငွေကျပ် ငါးသိန်းကို အကျိုးတော်ဆောင် ဂန္ဓာမြိုင် စံပြပရဟိတကျောင်း ဆရာတော် အရှင်နန္ဒာသဘ (ဓမ္မကထိကဗဟုဇနဟိတဓရ)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

28-4 (02).pmd 1 4/28/2008, 12:39 AM

■ ရှေ့ဖုံးမှ

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဧပြီ ၂၆ရက် နံနက် ၈နာရီက ဗထူးတပ်မြို့အဝင်၌ တည်ဆောက်ထားရှိသည့် အနော်ရထာ၊ ဘုရင့်နောင်နှင့်အလောင်းဘုရား ဦးအောင်ဇေယျ မင်းသုံးပါးတို့၏ ရုပ်တုကြီးများကို လည်းကောင်း၊ မင်းသုံးပါးရုပ်တုများနေရာနှင့်ဆက်စပ်၍ မြို့အဝင် စိမ်းလန်းစိုပြည်သာယာရေး စီစဉ်ဆောင်ရွက်ထားမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရပ်စောက်မြို့ ဖွံ့ဖြိုးတိုးတက်မှု၊ ဗထူးတပ်မြို့ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားမှုနှင့် နှစ်ရှည်ပင်များစိုက်ပျိုးထားရှိမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့နယ်ရှိ အေးသာယာစက်မှုဇုန်သို့ ရောက်ရှိကြပြီး စက်မှုဇုန်ခန်းမ၌ စက်မှုဇုန်မှ တာဝန်ရှိသူများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ထုတ်လုပ်မှုတိုးတက်

တွေ့ဆုံပွဲတွင် အေးသာယာစက်မှုဇုန်တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အေးသာယာစက်မှုဇုန်မှ မိုင်နှုန်း၆၀ နှင့်အထက် မောင်းနှင်နိုင်သည့် မော်တော်ယာဉ်ငယ်များထုတ်လုပ်ရန်၊ အေးသာယာ သံရည်ကျိုပုံလောင်းပုံထောင်း စက်ရုံများမှ အရည်အသွေးကောင်းမွန်သော စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ရန်နှင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းများ တိုးတက်ရေး အလေးထားဆောင်ရွက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်နှစ်ထက်တစ်နှစ် ထုတ်လုပ်မှုပမာဏ တိုးတက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အေးသာယာစက်မှုဇုန်ထုတ်ဘက်စုံသုံး ဓီဝမီးဖိုနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဝန်ကြီးက သံရည်ကျိုစက်ရုံမှ နေ့စဉ် စက်ပစ္စည်းအစိတ်အပိုင်းထုတ်လုပ်နိုင်မှု၊ ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် ဝင်ငွေရရှိမှုအခြေအနေ၊ စက်မှုဇုန်၏ မော်တော်ယာဉ်အမျိုးမျိုးထုတ်လုပ်နိုင်မှု၊ မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းကို တစ်ဆက်တစ်စပ်တည်း တပ်ဆင်ထုတ်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှုများ၊ အခြားစက်ပစ္စည်းထုတ်လုပ်မှုများကို ရှင်းလင်းတင်ပြသည်။

ကျယ်ကျယ်ပြန့်ပြန့်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာတွင် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ စက်မှုကဏ္ဍလည်း တစ်ပါတည်း ဖွံ့ဖြိုးတိုးတက်လာရန်လိုအပ်ကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ပင်းပက်ဒေသတွင် သံစိမ်းထုတ်လုပ်မှုစက်ရုံ၊ ဘိလပ်မြေစက်ရုံ စသည်ဖြင့် စက်မှုလုပ်ငန်းများ ထူထောင်လျက်ရှိကြောင်း၊ အရင်းအနှီးကြီးမားပြီး ပုဂ္ဂလိကများအပိုင်းက မလုပ်ကိုင်နိုင်သော စက်မှုလုပ်ငန်းများကို နိုင်ငံတော်က ရင်းနှီးထူထောင်လျက်ရှိသော်လည်း ပုဂ္ဂလိကလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံပြီး လုပ်တတ်ကိုင်တတ်လာအောင် မိမိတို့ ပျိုးထောင်အားပေးလျက်ရှိကြောင်း၊နိုင်ငံပိုင်စက်ရုံများအနက် ပုဂ္ဂလိကများလုပ်ကိုင်နိုင်သော စက်ရုံများကိုလည်း ပုဂ္ဂလိကပိုင်အဖြစ် လွှဲပြောင်းပေးလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များက စက်မှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ထူထောင်လုပ်ကိုင်နိုင်ပြီး ကြီးပွားတိုးတက်လာရန်လိုအပ်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်၌ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော်အနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက် ကြီးပွားမှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် အေးသာယာစက်မှုဇုန်ထုတ် ပစ္စည်းများ ခင်းကျင်းစီစဉ်ပြသထားမှုများကို ကြည့်ရှုစစ်ဆေး အားပေးကြရာ ရှေးဦးစွာ ဘက်စုံသုံး ဓီဝမီးဖိုနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုများကို ကြည့်ရှုကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဘိုင်အိုဒီဇယ်ဆီသုံး လေမီးဖိုများ၊ ဓီဝဩဇာဆေးရည်များ၊ မော်တော်ယာဉ်ပစ္စည်းများ၊ ဓာတ်မြေဩဇာများ၊ ဖိုင်ဘာပစ္စည်းများ၊ ပလတ်စတစ်ပစ္စည်းများ၊ ရေအားလျှပ်စစ်ထုတ်စက်များကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ထို့နောက် လက်တွန်းထွန်စက်၊ စပါးခြွေလှေ့စက်၊ ကြက်ဆူခွဲစက်၊ ပြောင်းဖူးစေ့သန့်စင်စက်၊ ထယ်အမျိုးမျိုး စသည့် လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုကြသည်။

ယာဉ်ငယ်အမျိုးမျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် Micro Bus ကိုယ်ထည်အစိတ်အပိုင်းထုတ်လုပ်ထားမှုများကို လည်းကောင်း၊ မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံနှင့် ထုတ်လုပ်ထားသည့် မော်တော်ယာဉ်ကြီး၊ ယာဉ်ငယ်အမျိုးမျိုးတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ညပိုင်းတွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဦးတင်နိုင်သိန်းတို့သည် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်ပြီး ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံသည်။

မှာကြား

ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်အသင်း အတွင်းရေးမှူး ဦးဉာဏ်လင်းက အသင်း၏ စည်းရုံးဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက လိုအပ်သည်များကို မှာကြားသည်။ **(သတင်းစဉ်)**

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး ရွက်သယ်ပိုးက၊
ခနိးခနဲ့ ဆိုကဲ့ရဲ့လည်း၊
မဖဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို၊
စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

မိုးသက်လေပြင်း ကျရောက်နိုင်

နေပြည်တော် ဧပြီ ၂၇

ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်း၌ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ပြီး ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် မိုင်၅၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မိုးထစ်ချုန်း

မုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့နံနက်မှ နောက် ၄၈နာရီအတွင်း ရခိုင်ပြည်နယ်တောင်ပိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲမှနေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅မိုင်အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

● ကျောဖုံးမှ

အစည်းအဝေးတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကော်မရှင် အဖွဲ့ဝင် ရှေ့နေချုပ် ဦးအေးမောင်က အမှာစကားပြောကြားပြီး မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်သန်းက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ တက်ရောက်လာသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။ **(သတင်းစဉ်)**



● **အခြေခံဥပဒေ အတည်ပြုဖို့ မဲရုံသွား၍ မဲပေးစို့။**

ဗီယက်နမ်၌ ပြည်ပသို့ အလုပ်သွားရောက်လုပ်ကိုင်လိုသူများ ဦးစားပေးချေးငွေအဖြစ် ထုတ်ချေးပေးသွားမည်

ဟန္နိုင်း ဧပြီ ၂၇

ဗီယက်နမ်နိုင်ငံသည် ၂၀၁၀ပြည့်နှစ်အထိ ပြည်ပအလုပ်အကိုင်ရှာဖွေနေသူများကို ဦးစားပေးချေးငွေအဖြစ် ဗီယက်နမ်ဒေါင်ငွေ ၄ဒသမ၆ ထရီလီယံ (အမေရိကန်ဒေါ်လာ ၂၈၇ဒသမ၅သန်း) ထုတ်ချေးသွားမည်ဖြစ်ကြောင်း ဒေသထုတ်သတင်းစာ ပိုင်အိုနီးယားက ဧပြီ ၂၅ရက်တွင် ရေးသားဖော်ပြသည်။

ပေးမည်

အလုပ်သမားများအတွက် ထူထောင်ထားသော အမျိုးသားရန်ပုံငွေမှပေးမည့် အဆိုပါဦးစားပေးချေးငွေများကို အလုပ်လက်မဲ့များ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၊ ကျေးလက် လက်မှုအနုပညာလုပ်ငန်း လုပ်ကိုင်နေသူများ၊ ပြည်ပသို့ အလုပ်အကိုင် သွားရောက်လုပ်ကိုင်လိုသူများအတွက် ပေးမည်ဟုဆိုသည်။

ယင်းဦးစားပေးချေးငွေသည် ၂၀၁၀ပြည့်နှစ်တွင် မြို့ပြနေပြည်သူငါးရာခိုင်နှုန်းကို အလုပ်လက်မဲ့ဦးရေ လျှော့ချပြီး ကျေးလက်၌ ခြောက်ရာခိုင်နှုန်း အလုပ်လက်မဲ့ဦးရေ လျှော့ချသွားရန် မျှော်မှန်းထားသည်ဟုဆိုသည်။

ဆောင်ရွက်

ဗီယက်နမ်နိုင်ငံသည် ၂၀၀၆ ခုနှစ်မှ ၂၀၁၀ပြည့်နှစ်အတွင်း အလုပ်သမား ၄၀၀၀၀၀မှ ၅၀၀၀၀၀အထိ ပြည်ပသို့စေလွှတ်ရန်လည်း ဆောင်ရွက်လျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဗုံးပေါက်ကွဲ

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ ပီလီယန်ဒါလာဆင်ခြေဖုံးဒေသတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားတစ်စီးကို ဧပြီ ၂၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဆူဒန်တောင်ပိုင်း၌ တိုက်ပွဲဖြစ်ပွား ၇၅ဦးသေဆုံး

ဂျူဘာ(ဆူဒန်) ဧပြီ ၂၇

ဆူဒန်နိုင်ငံတောင်ပိုင်း၌ သန်းခေါင်စာရင်းကောက်ယူသည့် အငြင်းပွားမှုမှစတင်ကာ လူမျိုးစုအချင်းချင်း တိုက်ခိုက်မှုများကြောင့် ၇၅ဦးသေဆုံးပြီး ၄၂ဦးဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူတစ်ဦးက ဧပြီ ၂၅ရက်တွင် ပြောကြားသည်။ ထိုတိုက်ခိုက်မှုသည် ဧပြီ ၂၄ရက်က ဖြစ်ပွားခဲ့သည်။ ယင်းနေ့သည် ၁၉၈၃ခုနှစ်ကတည်းက ဆူဒန်၌ ပထမဆုံးသန်းခေါင်စာရင်းကောက်ယူသည့်နေ့ဖြစ်သည်။

စေလွှတ်ခဲ့

တိုက်ပွဲများဖြစ်နေသည့်ကြားမှ လိတ်ခ်ပြည်နယ် ပြန်ကြားရေးဝန်ကြီး အဂတ်ချောက သန်းခေါင်စာရင်းများကို မီးရှို့ဖျက်ဆီးလိုက်ပြီဖြစ်ကြောင်း ရိုက်တာသို့ပြောကြားသည်။ သန်းခေါင်စာရင်းများကို မည်သို့ရရှိသည်ကို ထိုဝန်ကြီးက ပြောကြားခြင်းမရှိပေ။ သို့သော်လည်း တိုက်ခိုက်မှုများ ထိန်းချုပ်ရန် ဆူဒန်တောင်ပိုင်းသို့ တပ်ဖွဲ့ဝင်များစေလွှတ်ခဲ့သည်ဟုဆိုသည်။

ထိုသန်းခေါင်စာရင်းသည် အနာဂတ်ချမ်းသာကြွယ်ဝမှုနှင့် ဆူဒန်တောင်ပိုင်းနှင့်မြောက်ပိုင်း အာဏာခွဲဝေအုပ်ချုပ်ရေးတို့အတွက် အဓိကကျနေသည်ဟု ဆိုသည်။ ၄င်းသန်းခေါင်စာရင်းသည် ဆယ်စုနှစ်နှစ်ခုအတွင်း လူပေါင်းနှစ်သန်းခန့် သေဆုံးခဲ့ရသည့် ပြည်တွင်းစစ်ကို ၂၀၀၅ခုနှစ်က တောင်မြောက် ငြိမ်းချမ်းရေးစာချုပ်အရ လာမည့်နှစ်တွင် ရွေးကောက်ပွဲကျင်းပနိုင်မည့် အသက်သွေးကြောသဖွယ်လည်း ဖြစ်နေသည်ဟုဆိုသည်။

သေဆုံးခဲ့

ဆူဒန်နိုင်ငံတောင်ပိုင်း၏မြို့တော် ဂျူဘာမြို့မြောက်ဘက် လူနေထူထပ်သောအရပ်၌ လိတ်ခ်ပြည်နယ်ရှိ ပါခမ်းလူမျိုးစုနှင့် ဝါရက်ပြည်နယ်ရှိ လုအက်ချ်လူမျိုးစုတို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ရာ ပါခမ်းလူမျိုး ၃၄ဦးနှင့် လုအက်ချ်လူမျိုး ၆၁ဦးသေဆုံးခဲ့ရကြောင်း ဝန်ကြီးချောက ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

၂၀၁၁ ခုနှစ်၌ အိန္ဒိယ၏လူဦးရေ ၁ ဒသမ ၂၀ဘီလီယံအထိ ရှိလာမည်

နယူးဒေလီ ဧပြီ ၂၇

အိန္ဒိယနိုင်ငံ၏လူဦးရေသည် ၂၀၁၁ ခုနှစ်၌ ၁ဒသမ၂၀ဘီလီယံအထိ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ အိုးအိမ်ရေးရာဝန်ကြီးရှီရာဂျေပါတေးလ်က ဧပြီ ၂၆ရက်၌ ပြောကြားလိုက်သည်။

၂၀၁၁ ခုနှစ်တွင်ရှိနိုင်သည့် နိုင်ငံ၏လူဦးရေဆိုင်ရာ အချက်အလက်များ ခန့်မှန်းရာတွင် ရှီရာဂျေပါတေးလ်က အထက်ပါအတိုင်းပြောကြားခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံ၏လူဦးရေဖွားသေနှုန်း စာရင်းများကို စစ်ဆေးပြီးနောက် ယင်းကဲ့သို့ပြောကြားခြင်းဖြစ်သည်။

ပြင်ဆင်

အိန္ဒိယအစိုးရအနေဖြင့် နိုင်ငံတစ်ဝန်း လူဦးရေမှတ်ပုံတင်မှုများကို စနစ်တကျပြုလုပ်သွားမည်ဖြစ်ပြီး ၂၀၁၁ခုနှစ်၌ ရှိလာမည့် လူဦးရေနှင့်လျော်ညီသည့် ပြင်ဆင်မှုများကိုလည်း ပြုလုပ်သွားမည်ဟု ၄င်းက ဆက်လက်ပြောကြားသည်။

အသုံးပြု

အိန္ဒိယနိုင်ငံ၏လူဦးရေ ဖွားသေနှုန်းကို အတိအကျသိရှိနိုင်ရန်အတွက် လူဦးရေစာရင်းကောက်မှုဆိုင်ရာ အစီအစဉ်သစ်များကိုလည်း ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး မှတ်တမ်းတင်မှု စနစ်သစ်များကိုလည်း အသုံးပြုသွားမည်ဟု ဆိုသည်။

(အင်တာနက်)

အမေရိကန်၌ ဘရိတ်ပေါက်ကား ဘူတာရုံဝင်တိုက်

ချီကာဂို ဧပြီ ၂၇

အမေရိကန်နိုင်ငံ ချီကာဂိုမြို့၌ ဧပြီ၂၅ရက်က အလုပ်ပြန်ချိန်တွင် ၁၈ဘီးပါ ကုန်တင်ကားတစ်စီး ဘရိတ်ပေါက်ကာ ဘူတာရုံအတွင်းသို့ ဝင်တိုက်ခဲ့မှုကြောင့် နှစ်ဦးသေဆုံးပြီး ၂၁ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ အချို့မှာ ပြင်းထန်းကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါဖြစ်ရပ်မှာ ချီကာဂိုမြို့တောင်ပိုင်းရှိ ချိုင်းနားတောင်းဘူတာရုံတွင် စက်လှေကားသမားက ခရီးသည်များအား စကြိန်လမ်းတစ်ဖက်မှ တစ်ဖက်သို့ ပို့ဆောင်နေစဉ် ကုန်ကား ဘရိတ်ပေါက်ကာ အဝေးပြေး လမ်းဘေးရှိ ဘူတာရုံနံရံကို တိုက်ခွဲကာ စက်လှေကားကိုပါ ဝင်တိုက်ခဲ့သည်။

ရထားပို့ဆောင်ရေးလုပ်ငန်းများ ခေတ္တရပ်တန့်သွားကြောင်း၊ ထို့နောက်ဘူတာရုံကို ပြန်လည်ဖွင့်လှစ်သော်လည်း ခရီးသည်စီးနင်းမှုမရှိသေးကြောင်း၊ စက်လှေကားစနစ်လည်း ထိခိုက်မှုမရှိခဲ့ကြောင်း ယင်းတာဝန်ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

နိုင်ငံတကာ မှုခင်းဖြစ်ရပ်

ကံကြမ္မာဝင့်ကြွေးမလွတ်နိုင်သေးသမျှ . . . .

ဆန်ဒီဂိုမြို့သည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင်ရှိသော လူဦးရေနှစ်သန်းကျော် နေထိုင်သည့် သာယာလှပသော ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည်။ ယင်းမြို့ရှိ မီယာမာဒေသ ရေတပ်ဌာနခွဲ အခြေစိုက်စခန်းတွင် ရေတပ်သားတော့ဒ်ဆွမ်းမားနှင့် ၄င်း၏ ဇနီးစင်သီယာဆွမ်းမားတို့ ပျော်ရွှင်စွာ နေထိုင်ခဲ့ကြဖူးသည်။

သာယာခဲ့

စင်သီယာသည် လွန်ခဲ့သော ၁၅နှစ်ဖြစ်သည့် ၁၉၉၃ခုနှစ်က သူ့ထက်အသက် ၅နှစ်ငယ်သော တော့ဒ်ဆွမ်းမားဆိုသော အမျိုးသားတစ်ဦးနှင့် ရည်ငံကာ လက်ထပ်ခဲ့ကြသည်။ ရေတပ်မှအရာရှိတစ်ဦး၏ သားဖြစ်သူ တော့ဒ်ဆွမ်းမားသည် လက်ထပ်ပြီး နှစ်နှစ်အကြာတွင် ရေတပ်သို့ဝင်ရောက်အမှုထမ်းခဲ့သည်။ တော့ဒ်ဆွမ်းမားသည် စင်သီယာကို သူ့ထက်အသက်ငါးနှစ်ကြီးသော်လည်း လွန်စွာချစ်ခင်ခဲ့လေသည်။ အရွယ်မညီသော်လည်း အချစ်ညီကြသူ သူတို့ဇနီးမောင်နှံအိမ်ထောင်ရေးမှာ အဖုအထစ်မရှိဘဲ ဖြောင့်ဖြူးသာယာခဲ့လေသည်။

ဖြစ်ပွားစပြု

တော့ဒ်ဆွမ်းမားသည် အလုပ်ကြိုးစားသူတစ်ဦးဖြစ်သကဲ့သို့ စင်သီယာသည်လည်း အိမ်ထောင်မှုနိုင်နင်းကာ အိမ်ထောင်ရှင်မကောင်းပီသသူတစ်ဦးဖြစ်သည်။ ခင်ပွန်းတော့ဒ်ဆွမ်းမားအပေါ် ဇနီးသည်၏ ဝတ္တရားကျေပွန်သကဲ့သို့ သားသမီးများအပေါ်တွင်လည်း မိခင်ကောင်းပီသသူတစ်ဦးဖြစ်သည်။ သူတို့ဇနီးမောင်နှံသည် အိမ်ထောင်သက်ကိုးနှစ်အထိ သာယာချမ်းမြေ့ပျော်ရွှင်စွာ နေထိုင်ခဲ့ကြသည်။ ထိုအချိန်တွင် သူတို့နှစ်ဦး၌ ၁၀နှစ်အရွယ်နှင့် ခုနစ်နှစ်အရွယ်သားနှစ်ဦး၊ လေးနှစ်အရွယ်နှင့် နှစ်နှစ်အရွယ် သမီးနှစ်ဦး စုစုပေါင်း သားသမီးလေးဦး ထွန်းကားခဲ့ပြီးဖြစ်သည်။ ခင်ပွန်းသည် တော့ဒ်ဆွမ်းမားတွင်လည်း နှလုံးရောဂါဖြစ်ပွားစပြုနေခဲ့ပြီဖြစ်သည်။

ရွှေတောင်ကြီးပြိုလဲ

တော့ဒ်ဆွမ်းမားနှင့်စင်သီယာဆွမ်းမားတို့၏ အိမ်ထောင်သက် ၁၀နှစ်အတွင်းသို့ ချင်းနင်းဝင်ရောက်ခဲ့သည်အခါတွင်မူ ကြမ္မာဂယက်မုန်တိုင်းက သူတို့မိသားစုခြောက်ဦး

စင်သီယာဆွမ်းမား

၏ဘဝကို အကြီးအကျယ် ဝင်ရောက်မွှေနှောက်ဖျက်ဆီးခဲ့သည်။ အကြောင်းမှာ ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်တွင် အသက် ၂၈နှစ်အရွယ်ရှိ စင်သီယာ၏ ခင်ပွန်းဖြစ်သူ အသက် ၂၃နှစ်အရွယ်ရှိ တော့ဒ်ဆွမ်းမားသည် မိသားစုခြောက်ဦး နေထိုင်ရာအိမ်တွင် ကျန်းမာရေးကောင်းမွန်နေသည်ဟုထင်ရသည့်ကြားမှ ရုတ်တရုတ် လဲကျသေဆုံးခဲ့သည်။ ထိုသို့ သေဆုံးမှုကြောင့် စင်သီယာနှင့် မိသားစုဝင်များအဖို့ ရွှေတောင်ကြီးပြိုလဲသွားသကဲ့သို့ ခံစားခဲ့ကြရသည်။

ကျန်ရစ်ခဲ့

ထိုအချိန်တွင် တစ်ပူပေါ်နှစ်ပူဆင့်ဆိုသကဲ့သို့ နှလုံးရောဂါရှိသူခင်ပွန်းသည် တော့ဒ်ဆွမ်းမား ရုတ်တရုတ် နှလုံးသွေးရပ်သေဆုံးသွားခဲ့မှုကြောင့် ပူဆွေးဝမ်းနည်းကြေကွဲနေရသူ စင်သီယာအား သက်ဆိုင်ရာက ခင်ပွန်းသည်တော့ဒ်ဆွမ်းမား၏ အသက်အာမခံကြေးငွေကို လိုချင်သဖြင့် စင်သီယာက အဆိပ်ခတ်သတ်သည်ဟုဆိုပြီး ဖမ်းဆီးစစ်ဆေးကာ တရားစွဲဆိုခံခဲ့ရပြန်သည်။ စင်သီယာအနေဖြင့် ခင်ပွန်းသေဆုံးသဖြင့် ဝမ်းနည်းနေရချိန်တွင် တရားစွဲဆိုခံရသဖြင့် သောကပင်လယ်ဝေကာ အရူးမီးဝိုင်းခံစားခဲ့ရသည်။ ခင်ပွန်းသေဆုံးချိန်တွင် သူမ၌ လူမမယ်သားသမီးလေးဦး ကျန်ရစ်ခဲ့သည်။

အချုပ်နှောင်ခံခဲ့ရ

စင်သီယာသည် ခင်ပွန်းသည် တော့ဒ်ဆွမ်းမားအား သတ်ခဲ့သည်ဟူသော စွဲချက်ဖြင့် တရားရုံးတွင် တရားရင်ဆိုင်နေရစဉ်အတွင်း ၂၀၀၅ ခုနှစ်ကုန်ပိုင်းမှ စတင်ကာ ထောင်အတွင်း အချုပ်အနှောင်ခံခဲ့ရသည်။ အစိုးရဌာနမှ ဒီအင်န်အေစစ်ဆေးရာတွင် ကျွမ်းကျင်သူတစ်ဦး၏ဆေးစစ်ချက်အရ တော့ဒ်ဆွမ်းမားတွင် နှလုံးရောဂါလက္ခဏာ တွေ့ရသော်လည်း သူ၏အသည်းတွင် အဆိပ်ဓာတ်ဖြစ်သည့် စိန်ဓာတ်ကို သာမန်ထက် ပိုမိုတွေ့ရှိရသည်ဟုဆိုသည်။

ထိုကျွမ်းကျင်သူ၏ အတည်ပြုပြောကြားချက်ကြောင့် ခင်ပွန်းသည်တော့ဒ်ဆွမ်းမားအား အဆိပ်ခတ်သေကြောင်းကြံခဲ့ခြင်း မရှိသောစင်သီယာသည် သူ၏ခင်ပွန်းသေဆုံးခဲ့သည် ၂၀၀၂ ခုနှစ်မှစတင်ကာ ခြောက်နှစ်ကျော်မျှ တရားရုံးတွင် တရားရင်ဆိုင်ခဲ့ရသည်။ တရားရင်ဆိုင်စဉ်အတွင်း စတင် အချုပ်နှောင်ခံခဲ့ရသည့်အချိန်မှ နှစ်နှစ်နီးပါး အချိန်ဖြစ်သည့် ၂၀၀၇ ခုနှစ်နိုဝင်ဘာလတွင်မူ သူမ၏အမှုကို အသစ်ပြန်လည် စစ်ဆေးခဲ့သည်။

ဝမ်းသာလွှမ်း

စင်သီယာ၏ခင်ပွန်းသည် တော့ဒ်ဆွမ်းမား၏အသည်းအသားစ စစ်ဆေးမှုကို ထပ်မံစစ်ဆေးမှုပြုရာမှ အသည်းတွင် အဆိပ် စိုးစဉ်းမျှ မတွေ့ကြောင်း တွေ့ရှိခဲ့ရသဖြင့် စင်သီယာ၏လွတ်မြောက်ရေးလမ်း ပွင့်ခဲ့ရပြီဖြစ်သည်။ စင်သီယာသည် ၂၀၀၇ ခုနှစ်နိုဝင်ဘာလမှ စတင်ကာ တရားရုံးတွင် အသေးစိတ် ပိုက်စိပ်တိုက်စစ်ဆေးမှုကိုခံယူရင်း ငါးလကျော်ကာလဖြစ်သည့် ၂၀၀၈ ခုနှစ် ဧပြီ ၁၈ရက်တွင်မူ အမှုမှ ကွင်းလုံးကျွတ် တရားသေလွတ်မြောက်ခဲ့တော့သည်။ သူမ၏ဘဝတွင် ထိုနေ့သည် မယုံကြည်နိုင်စရာနေ့တစ်နေ့ ဖြစ်သကဲ့သို့ ဝမ်းသာလွှမ်း၍ အိပ်မပျော်နိုင်အောင်ရှိခဲ့သည်ဆိုသည်။ သူမအမှုမှ လွတ်မြောက်ချိန်တွင် သမီးအငယ်ဆုံးမှာ ၈နှစ်ရှိနေပြီး သားအကြီးဆုံးမှာ ၁၆နှစ်သားရှိနေလေပြီ။

မြွေပါလည်းဆုံးသားလည်းဆုံး

ယခုဖြစ်ရပ်တွင် စင်သီယာသည် ခင်ပွန်းသည် တော့ဒ်ဆွမ်းမားကို မသတ်ရဘဲလျက် အမှုရင်ဆိုင်ခဲ့ရသည်။ ခင်ပွန်းကို လက်လွတ်ဆုံးရှုံးခဲ့ရသည့်အပြင် အမှုကိုလည်း ရင်ဆိုင်ခဲ့ရသူ စင်သီယာသည် မြွေပါလည်းဆုံး သားလည်းဆုံး အဖြစ်မျိုးနှင့်တွေ့ကြုံခဲ့ရသည်။ စင်သီယာသည် ရိုးသားပျော်ရွှင်အေးချမ်းစွာ နေထိုင်ခဲ့ပါသော်လည်း ကံကြမ္မာဝင်နှကြွေး မလွတ်နိုင်သေးသမျှ လောကဓံ ရိုက်ပုတ်ထုထောင်းမှုကို ခါးစည်းခံခဲ့ရသော အဖြစ်ကို သင်ခန်းစာယူဖွယ်ရာ ဖြစ်ရပ်အဖြစ် ဖော်ပြလိုက် ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

တော့ဒ်ဆွမ်းမားသည် အလုပ်ကြိုးစားသူတစ်ဦးဖြစ်သကဲ့သို့ စင်သီယာသည်လည်း အိမ်ထောင်မှုနိုင်နင်းကာ အိမ်ထောင် ရှင်မကောင်းပီသသူတစ်ဦးဖြစ်၏၊ ခင်ပွန်းတော့ဒ်ဆွမ်းမားအပေါ် ဇနီးသည်၏ ဝတ္တရားကျေပွန်သကဲ့သို့ သားသမီးများအပေါ်တွင်လည်း မိခင်ကောင်းပီသသူတစ်ဦးဖြစ်။

ဘဝအမောပြေ

ဖြေလိုက်ကြပုံက . . .

မူလတန်းကျောင်းတစ်ကျောင်းသို့ ပညာသင်ကြားတတ်မြောက်မှုဆိုင်ရာ စစ်ဆေးမည့် အရာရှိများရောက်ရှိလာပြီး ကျောင်းသား၊ ကျောင်းသူများအား စစ်မေးလေသည်။

အရာရှိ ။ ။ သားတို့ . . . . သမီးတို့ စာတွေတော်တော်ရနေကြပြီလား။

ကျောင်းသားများ ။ ။ ဟုတ်ကဲ့ပါ . . . **သံပြိုင်ဖြေကြသည်။**

အရာရှိ ။ ။ ဒါဆိုရင် မေးခွန်းတစ်ခုမေးမယ်။ **ချက်ချင်းဖြေရမယ်နော်** . . . ။

ကျောင်းသားများ ။ ။ ဟုတ်ကဲ့ပါ။ **သံပြိုင်ဖြေကြသည်။**

အရာရှိ ။ ။ လေးနဲ့ခြောက်ပေါင်းရင် ဘယ်လောက်ရလဲ . . .

ကျောင်းသားများ ။ ။ **ချက်ချင်းပါ။**

အရာရှိ ။ ။ "ဟေ"

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂၇-၄-၂၀၀၈

အင်ဒိုနီးရှား၌ ဓာတ်အားပေးဓာတ်ရုံ တရုတ်တည်ဆောက်မည်

တရုတ်နှင့် အင်ဒိုနီးရှားနှစ်နိုင်ငံတို့အနေဖြင့် စွမ်းအင်စက်ရုံတည်ဆောက်ရေးဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးတော့မည်ဖြစ်သည်။

အဆိုပါ သဘောတူညီချက်အရ အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျားဗားပြည်နယ်တွင် လျှပ်စစ်မဂ္ဂါဝပ် ၇၀၀ထုတ်လုပ်နိုင်မည့် ကျောက်မီးသွေးစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်သွားမည်ဖြစ်သည်။

ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများမြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်းဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)မှ အရာရှိများက ပြောကြားသည်။

အမေရိကန်ဈေးကွက်၌ ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၁၈ဒသမ ၉၀အထိ မြင့်တက်လာကြောင်း ၎င်းတို့က ပြောကြားသည်။

ပါလက်စတိုင်းကိစ္စ မာမွတ်အဘတ်စ်နှင့် မူဘာရက်တို့ ဆွေးနွေး

အီဂျစ်နိုင်ငံသို့ရောက်ရှိလာသော ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်နှင့် အီဂျစ်သမ္မတမူဘာရက်တို့ ပါလက်စတိုင်း၌ လက်ရှိဖြစ်ပေါ်နေသော ကိစ္စရပ်များအပေါ် ဆွေးနွေးကြသည်။

အီဂျစ်သမ္မတ မူဘာရက်က ပါလက်စတိုင်းနှင့် အစ္စရေးတို့ ငြိမ်းချမ်းရေးရရှိအောင် ကူညီဆောင်ရွက်ပေးသွားမည်ဟု ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်အား ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်၌ အပူလှိုင်းကျရောက်

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာ၌ အပူလှိုင်းကျရောက်ခဲ့ရာလူအများအပြား အပူဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရကြောင်း ဘင်္ဂလားဒေ့ရှ် အရာရှိများက ပြောကြားသည်။

ဒါကာမြို့၌ အပူချိန် ၁၁၂ ဒီဂရီဖာရင်ဟိုက်အထိရှိခဲ့ပြီး အချို့နေရာများတွင် လူများရေစိမ်နေခဲ့ကြရကြောင်း ၎င်းတို့က ပြောကြားသည်။

စင်ကာပူ၌ ဓာတ်အားသုံးစွဲမှု လျှော့ချမည်

စင်ကာပူနိုင်ငံတစ်ဝန်းတွင် လက်ရှိသုံးစွဲနေသော လျှပ်စစ်ဓာတ်အားပမာဏ၏ ၁၀ရာခိုင်နှုန်းကို ဖြတ်တောက်သွားမည်ဖြစ်ကြောင်း စင်ကာပူစွမ်းအင် အရာရှိများက ပြောကြားသည်။

စင်ကာပူနိုင်ငံ၌ လျှပ်စစ်ဓာတ်အားသုံးစွဲမှုများပြားလာသဖြင့် စွမ်းအင်ချွေတာမှု အစီအစဉ်တစ်ရပ်အဖြစ် ဓာတ်အားသုံးစွဲမှု ၁၀ရာခိုင်နှုန်း လျှော့ချရန် စီစဉ်ခြင်းဖြစ်ကြောင်း စင်ကာပူ အရာရှိများက ပြောကြားသည်။

ဆီးရီးယားနျူကလီးယားဓာတ်ပေါင်းဖိုကိစ္စ အိုင်အေအီးအေစုံစမ်းမည်

ဆီးရီးယားတို့၏ နျူကလီးယားဓာတ်ပေါင်းဖိုကို အစ္စရေးတို့က ပြီးခဲ့သည့် ၂၀၀၇ခုနှစ် စက်တင်ဘာလက လေကြောင်းမှ တိုက်ခိုက်ဖျက်ဆီးခဲ့မှုနှင့်ပတ်သက်ပြီး နိုင်ငံတကာ နျူကလီးယားစောင့်ကြည့်ရေးအဖွဲ့ (အိုင်အေအီးအေ)က စုံစမ်းစစ်ဆေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း အိုင်အေအီးအေ အရာရှိများက ပြောကြားသည်။

ဆီးရီးယားတို့က မိမိတို့အနေဖြင့် နျူကလီးယားဓာတ်ပေါင်းဖိုပြုလုပ်ခြင်းမှာ မဟုတ်မှန်ကြောင်း ငြင်းဆိုထားသည်။

ဖိလစ်ပိုင်တောင်ပိုင်းနှင့်အလယ်ပိုင်းတို့၌ မိုးသည်းထန်စွာ ရွာသွန်းနိုင်ပြီး ရေလွှမ်းမှုများ ဖြစ်ပွားနိုင်ကြောင်း သတိပေး

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းဒေသများ၌ မကြာမီရက်များအတွင်း မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမှုများ ဖြစ်ပေါ်နိုင်ကြောင်း ဖိလစ်ပိုင်မိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းဒေသများတွင်လည်း မိုးသက်မုန်တိုင်းများကျရောက်ပြီး အချို့နေရာများ၌ ရေလွှမ်းမှုနှင့် မြေပြိုမှုများ ဖြစ်ပွားနိုင်ကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်၌ ဖော်ပြသည်။

သတင်းမှပေးသော အသိနှင့်သတိ

ဓာတ်ငွေ့သုံးပစ္စည်းများဂရုမစိုက်လျှင်...

တရုတ်နိုင်ငံ ပေကျင်းမြို့တွင်ရှိသော အထပ်မြင့် လူနေအဆောက်အအုံတစ်ခု၌ မတော်တဆဖြစ်ရပ်ကြောင့် ဧပြီ ၂၆ရက်က အမျိုးသမီးကိုးဦး သေဆုံးသွားကြောင်း ပေကျင်းမြို့ ပြည်သူ့လုံခြုံရေးအရာရှိများက ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ အဆိုပါ အဆောက်အအုံ၏သုံးထပ်၌ အခန်းအပူပေးကိရိယာမှ ဓာတ်ငွေ့ပိုက်များ ပြတ်ထွက်ပြီး ကာဗွန်မိုနောက်ဆိုဒ် ဓာတ်ငွေ့များ ပျံ့နှံ့ထွက်ရှိခဲ့ရာမှ အမျိုးသမီးများ သေဆုံးခဲ့ရခြင်းဖြစ်သည်။

ယင်းကဲ့သို့ အဆိပ်ဓာတ်ငွေ့များထွက်ရှိစဉ် အခန်းအတွင်းရှိ လူများအိပ်မောကျနေချိန်ဖြစ်ရာ အမျိုးသမီးအားလုံးနီးပါး သေဆုံးခဲ့ရခြင်းဖြစ်သည်။ ယခုဖြစ်ရပ်သည် ဓာတ်ငွေ့အသုံးပြု အိမ်သုံးပစ္စည်းများကို အမြဲတမ်း သတိထားကာ စစ်ဆေးကြည့်ရှုသင့်ကြောင်း ဖော်ပြလျက်ရှိသည်။

(အင်တာနက်)

ကမ္ဘာကို လှည့်ပတ်နေသော နာနိုဆက်သွယ်ရေးဂြိုဟ်တုများ၏ ကွန်ရက်စနစ်ကို ဤသို့တွေ့ရသည်။
(အင်တာနက်ဓာတ်ပုံ)

နာနိုဆက်သွယ်ရေးဂြိုဟ်တုငယ်များ နာဆာအဖွဲ့မှထုတ်လုပ်သွားမည်

ဝါရှင်တန် ဧပြီ ၂၇

နာနိုဟုခေါ်သော အလွန်သေးငယ်သည့် ဂြိုဟ်တုများကို နာဆာ၏ အေမက်စ်သုတေသနဌာနက ကယ်လီဖိုးနီးယားအခြေစိုက် အမ်တူးမီကော်ပိုရေးရှင်းနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဧပြီ ၂၄ရက်က ကြေညာလိုက်သည်။

ပူးပေါင်းလုပ်ဆောင်

နာဆာက အာကာသတွင်စီးပွားရေးသစ်ရှာဖွေ ရန် အဆိုပါကုမ္ပဏီနှင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း အေမက်စ်သုတေသနဌာန ညွှန်ကြားရေးမှူး ပီဆေးဝါဒန်က ပြောကြားသည်။

အသုံးပြုနိုင်မည်

နာနိုဂြိုဟ်တုသည် သေးငယ်ပြီး အလေးချိန် ၁၁ပေါင်နှင့် ပေါင်၁၁၀ကြားသာ ရှိသည်။ နာဆာနှင့် အမ်တူးမီကုမ္ပဏီတို့၏ သဘောတူညီချက်အရ ပဋ္ဌမမြောက် မျိုးဆက်သစ်ဂြိုဟ်တုအဖြစ် ထုတ်လုပ်လျက် ဆက်သွယ်ရေးနှင့် အင်တာနက်ကွန်ရက်စနစ်အတွက် အသုံးပြုနိုင်မည်ဟု ဆိုသည်။

မျိုးဆက်သစ်ဂြိုဟ်တု

ပဋ္ဌမမြောက် မျိုးဆက်သစ်ဂြိုဟ်တု သို့မဟုတ် ဖိုက်ဂျီသည် အင်တာနက်၊ ဗီဒီယိုနှင့်ထောက်လှမ်းရေး စကားပြောစက်စသော မီဒီယာလုပ်ငန်းများအတွက် အသုံးပြုနိုင်မည်ဟု ဆိုသည်။

ကွန်စတယ်လေးရှင်းဟု အမည်ပေးထားသော အဆိုပါဆက်သွယ်ရေးဂြိုဟ်တုများကို ကမ္ဘာပတ်လမ်းကြောင်း၏ အနိမ့်ပိုင်း၌ထားရှိပြီး ဆက်သွယ်ရေးနှင့် အင်တာနက်ကွန်ရက်စနစ်အတွက် အသုံးပြုနိုင်မည်ဟု ဆိုသည်။

(အင်တာနက်)

အာကာသသိပ္ပံ

သူတို့အတွေးနှင့်အမြင်

* *Art is nothing more than the shadow of humanity.*
အနုပညာသည် လူသားတို့၏ အရိပ်ပင်ဖြစ်သည်။

ဟင်နရီဂျိမ်းစ်(အမေရိကန်စာရေးဆရာ)

* *In manners, tranquillity is the superme power.*
အပြုအမူများ၌ တည်ငြိမ်အေးဆေးခြင်းသည် ကြီးမားသောခွန်အား တစ်ရပ်ဖြစ်သည်။

မဒမ်ဒီမိန်ဟီနမ်
(ပြင်သစ်လူဝီ-၁၄ဘုရင်၏ ဒုတိယမြောက်ကြင်ရာတော်)

အမေရိကအလယ်ပိုင်းမှ လှပသော ဂွါတီမာလာသမ္မတနိုင်ငံ

သတင်းအက်ဆေး

ဂွါတီမာလာသမ္မတနိုင်ငံသည် အမေရိကတိုက် အလယ်ပိုင်းဒေသတွင် တည်ရှိသည်။ ပေါ်လွင်သောအင်္ဂါရပ် အစွန်းရှည်ခိုင်မြဲသော တိုင်းရင်းသားယဉ်ကျေးမှုနှင့် ပြည်စုံသော ဂွါတီမာလာသမ္မတနိုင်ငံ၏ သွေးစွန်းသော အတိတ်ပြဿနာပေါင်းစုံနှင့် ရင်ဆိုင်နေရသော ပစ္စုပ္ပန်တို့နှင့် လုံးလုံးမတူမှုတို့မှာ ဤနိုင်ငံ၏ သဘာဝအလှနှင့်အားကောင်းသော ကိုယ်ပိုင်လက္ခဏာတို့ပင်ဖြစ်သည်။

အလှပဆုံး

တောတောင်များထူထပ်မှု၊ မာယာယဉ်ကျေးမှု ရှေးဟောင်းပစ္စည်းများ နေရာအနှံ့တည်ရှိမှု၊ ရေအိုင်များ၊ မီးတောင်များ၊ ထူးဆန်းထွေပြားသော ကျေးငှက်သာရကာများနှင့် သစ်ခွပင်များကြောင့် ဤနိုင်ငံသည် အမေရိကတိုက်အလယ်ပိုင်းဒေသအတွင်း အလှပဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။

စပိန်တို့က ၁၅၂၃-၁၅၂၄ခုနှစ်တွင် ရောက်လာပြီး၊ တိုင်းရင်းသား မာယာလူမျိုးကို အနိုင်ယူကာ ဂွါတီမာလာနိုင်ငံကို ကိုလိုနီလက်အောက်ခံပြုလုပ်သည်။ ၁၈၃၉ခုနှစ်တွင်မှ လွတ်လပ်ရေးရသည်။ ၁၈၄၄-၁၈၆၅ခုနှစ်များတွင် အာဏာရှင်ရာဖေးကာရီရာ အုပ်ချုပ်သည်။ ၁၈၇၃-၁၈၈၅ ခုနှစ်များ၌ လစ်ဘရယ်သမ္မတ ဂျပ်စတိုရှုဖီနိုဘာရီယို အုပ်ချုပ်ပြီး တိုင်းပြည်ခေတ်မီအောင် ဆောင်ရွက်သည်။ ကော်ဖီစိုက်ပျိုးရေးအားပေးသည်။

၁၉၃၁ခုနှစ်တွင် အူဘီကိုသမ္မတ ဖြစ်လာသည်။ ၁၉၄၁ခုနှစ်တွင် ဝင်ရိုးစွန်းနိုင်ငံများကို ဂွါတီမာလာနိုင်ငံက စစ်ကြေညာသည်။ ၁၉၄၄ခုနှစ်တွင် ၎င်းအားဖြုတ်ချပြီး ဂျူအန်ပိုကေးသမ္မတ ဖြစ်လာသည်။ ၁၉၅၁ခုနှစ်တွင် ဂျက်ကော့ဘိုအာဘင့် သမ္မတဖြစ်လာသည်။ ၁၉၅၄ခုနှစ်တွင် ကက်စတီကိုသမ္မတ ဖြစ်လာသည်။ ၁၉၆၃ခုနှစ်တွင် လုပ်ကြံခံရပြီးနောက် အင်းရစ်ပီရောတာသမ္မတ ဖြစ်လာသည်။ ၁၉၆၆ခုနှစ်တွင် အရပ်ဘက်အုပ်ချုပ်ရေး ပြန်လည်ကျင့်သုံး သည်။ ဆီဇာမင်ဒက် သမ္မတအဖြစ် ရွေးချယ်ခံရသည်။ ၁၉၇၀ပြည့်နှစ်တွင် ကာလို့စ်အာရင်နာသမ္မတ အဖြစ် ရွေးချယ်ခံရသည်။ ၁၉၇၀ပြည့်လွန်နှစ်များအတွင်း စစ်ဘက်အုပ်ချုပ်သူများက လက်ဝဲသမားချေမှုန်းရေး စတင်ဆောင်ရွက်သဖြင့် အနည်းဆုံး လူပေါင်း ၅၀၀၀၀သေဆုံးခဲ့သည်။ ၁၉၈၁ခုနှစ်တွင် အစိုးရဆန့်ကျင်ရေးပြောက်ကျားလှုပ်ရှားမှု ချေမှုန်းစဉ် လူပေါင်း ၁၁၀၀၀ အသက်ခံရသည်။

ဖယ်ရှား

၁၉၈၂ခုနှစ် စစ်တပ်ကအာဏာသိမ်းပြီး ဗိုလ်ချုပ်ကြီးအက်ဖ်ရိန်းရီယိုမွန့် အာဏာရလာသည်။ ၁၉၈၃ခုနှစ်တွင် ဗိုလ်ချုပ်ကြီးမေဂျီယာဗစ်တာရက်ဦးဆောင်ပြီး အာဏာသိမ်းကာ ဗိုလ်ချုပ်ကြီးမွန့်ကို ဖယ်ရှားလိုက်သည်။ ထို့ပြင် ပြောက်ကျားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးသည်။

၁၉၈၅ခုနှစ်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲကျင်းပရာ ဂွါတီမာလာခရစ်ယာန် ဒီမိုကရက်တစ်ပါတီအနိုင်ရသည်။ မာကိုဗီနီစီယိုစီရီဇိုသမ္မတအဖြစ် ရွေးချယ်ခံရသည်။ ၁၉၉၃ခုနှစ်တွင် ရာမီရီဒီလီယွန်သမ္မတအဖြစ် ရွေးချယ်ခံရသည်။

၁၉၉၆ခုနှစ်တွင် အယ်ဗာရိုအားသမ္မတအဖြစ် ရွေးချယ်ခံရသည်။ ၃၆နှစ်ကြာ ပြည်တွင်းစစ်အဆုံးသတ်အောင်ဆောင်ရွက်နိုင်သည်။

၂၀၀၆ခုနှစ် ဒီဇင်ဘာလတွင် အင်အားကြီးသော ပုန်းလျှိုးကွယ်လျှိုး လက်နက်ကိုင်အုပ်စုများဖော်ထုတ်၊ လက်နက်ဖျက်သိမ်းရန် စီအိုင်စီအိုင်ဂျီခေါ် ကော်မရှင်တစ်ရပ်ဖွဲ့စည်းရန် ဂွါတီမာလာအစိုးရနှင့် ကုလသမဂ္ဂကို သဘောတူသည်။

၂၀၀၇ခုနှစ် ဖေဖော်ဝါရီတွင် ဂွါတီမာလာစီးတီးအနီးတွင် နိုင်ငံရေးသမားသုံးဦးနှင့် ယာဉ်မောင်းများ အသတ်ခံရသည်။ ၂၀၀၇ခုနှစ် နိုဝင်ဘာသမ္မတ ရွေးကောက်ပွဲတွင် ဗဟိုလက်ဝဲယိမ်းဝါဒီအယ်ဗာရိုကို လုမ်သမ္မတအဖြစ် ရွေးချယ်ခံရသည်။

အာမခံ

သမ္မတသစ်က လုံခြုံရေးတပ်ဖွဲ့နှင့် တရားစီရင်ရေးဌာနများအတွင်း အဂတိလိုက်စားမှုတို့ကို ဖော်ထုတ်ပြီး ဂွါတီမာလာနိုင်ငံ၏ ရာဇဝတ်မှုထူပြောမှုနှင့် လူသတ်မှုနှုန်းမြင့်မားမှုတို့ကို ကိုင်တွယ်မည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးရာဇာများကို အရေးယူနှိမ်နင်းပြီး ဆင်းရဲတွင်းနက်နေသည့် ပြည်သူတို့ဘဝ မြှင့်တင်ပေးရေးတို့ကို အာမခံပြောကြားသည်။

အမေရိကတိုက်အလယ်ပိုင်း ဒေသအတွင်းတွင် ဤနိုင်ငံသည် စာမတတ်သူဦးရေများပြားမှု၊ ကလေးသေနှုန်းမြင့်မားမှု၊ အာဟာရဓာတ်ချို့တဲ့မှုတို့တွင် ထိပ်တန်းမှနေရာယူထားသည်။ ဒေသတွင်းရှိ အိမ်နီးချင်းနိုင်ငံများနည်းတူ ဂိုဏ်းဖွဲ့ရာဇဝတ်မှုကျူးလွန်ခြင်းနှင့် လမ်းသရဲသောင်းကျန်းမှုများရှိသည့်အပြင် တောင်အမေရိကမှ အမေရိကန်နိုင်ငံအတွင်းသို့ မူးယစ်ဆေးဝါးများ ခိုးသွင်းရာ၌ ဖြတ်သန်းသွားလာရာ လမ်းကြောင်းတွင် တည်ရှိနေသည်။

အိမ်နီးချင်းဘီလိဇ်နိုင်ငံနှင့် နယ်မြေအငြင်းပွားမှုမှာလည်း နိုင်ငံတကာကြားဝင်ညှိနှိုင်းပေးသည့်တိုင် ယခုအထိ မပြေလည်သေး။ ဂွါတီမာလာသမ္မတနိုင်ငံကတော့ သူ့ပိုင်နယ်မြေအများအပြားကို ဘီလိဇ်နိုင်ငံက သိမ်းထားသည်ဟု ဆိုနေပါကြောင်း။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

တောတောင်များထူထပ်မှု၊ မာယာယဉ်ကျေးမှု ရှေးဟောင်း ပစ္စည်းများ နေရာအနှံ့တည်ရှိမှု၊ ရေအိုင်များ၊ မီးတောင်များ၊ ထူးဆန်းထွေပြားသော ကျေးငှက်သာရကာများနှင့် သစ်ခွပင်များကြောင့် ဤနိုင်ငံသည် အမေရိကတိုက်အလယ်ပိုင်း ဒေသအတွင်း အလှပဆုံး နိုင်ငံတစ်နိုင်ငံဖြစ်။

ပင်ဆယ်ဗေးနီးယားအကြိုရွေးကောက်ပွဲ အနိုင်ရသူဟီလာရီ ပြည်သူ့အတွက် ဆက်လက်တိုက်ပွဲဝင်မည်ဟုဆို

ဝါရှင်တန် ဧပြီ ၂၇

ပင်ဆယ်ဗေးနီးယားပြည်နယ်တွင် အထက်လွှတ်တော်အမတ် ဟီလာရီကလင်တန်အနေဖြင့် ကြိုးပိုင်းအတွင်း အလဲထိုးမှုကို လွတ်ကင်းအောင် ရှောင်တိမ်းခဲ့ပါသည်ဟု လူအုပ်အတွင်းမှ လက်ဝှေ့အိတ်များ လက်တွင်ဝတ်ဆင်ထားသူတစ်ဦးက ချီးကျူးပြောကြားလိုက်သည်။

ယင်းနောက် ထောက်ခံမဲပေးခဲ့သည့် လူထုပရိသတ်ကြီးအား ဟီလာရီက အောင်ပွဲခံ ကျေးဇူးတင်စကား တုံ့ပြန်ပြောကြားရာတွင် လက်ဝှေ့ကြိုးဝိုင်းတွင်းသုံး တင်စားမှုဥပမာ အများအပြားကို သုံးစွဲကာ ပြောကြားသည်။

အိုဘားမားတို့ မဲဆွယ်ရေးအဖွဲ့က ကျွန်မတို့တစ်တွေကို အလဲထိုးဖို့ကြိုးစားခဲ့ပါတယ်ဟု ဟီလာရီက စကားစတင်လိုက်သောအခါ ပရိသတ်အတွင်းမှ ဝိုင်းဝန်းအော်ဟစ် သြဘာပေးမှုများ ဆက်တိုက်ပေါ်လာသည်။

ပင်ဆယ်ဗေးနီးယား အကြိုရွေးကောက်ပွဲ၌အနိုင်ရရှိသူ ဟီလာရီ

ဆက်လက်တိုက်ပွဲဝင်

ဟီလာရီက ကျွန်မခလုတ်တိုက်ပြီး လဲကျမသွားအောင် ပညာရှိများက ကျွန်မကို ဖယ်ထုတ်လိုက်လို့ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်မအနေနဲ့ ပြည်သူ့ထောက်ခံမှု အမြဲရရှိနေပါတယ်။ ဒါကြောင့် ပြည်သူ့အတွက် ဒီပွဲကို ကျွန်မဆက်လက် တိုက်ပွဲဝင်သွားပါ့မယ်ဟု ပြောကြားလိုက်သည်။

ကြိုးပမ်းခဲ့

ပင်ဆယ်ဗေးနီးယားပြည်နယ် အကြိုရွေးကောက်ပွဲ အောင်ပွဲခံသည်အထိ ပြီးခဲ့သည့် ရက်သတ္တခြောက်ပတ်လုံး ဟီလာရီတို့ မဲဆွယ်စည်းရုံးရေးအဖွဲ့ဝင်အားလုံး နေ့မနား ညမနား ကြိုးပမ်းခဲ့ကြသည်။ အချို့ဆိုလျှင် အသံများဝင်ကုန်သည်။

ဟီလာရီကိုယ်တိုင်သည်ပင်လျှင် အောင်ပွဲခံအနိုင်ရ အမှာစကားပြောကြားစဉ် အသံအက်သလို ဖြစ်နေသည်။ ရွေးကောက်ပွဲအနိုင်ရရေး အကြိတ်အနယ် မဲဆွယ်စည်းရုံးစဉ်က တစ်ဖက်နှင့်တစ်ဖက် ပြင်းပြင်းထန်ထန် ထောက်ပြဝေဖန်မှုများရှိလင့်ကစား ယခုအခါတွင် ဟီလာရီက ပြေရာပြေကြောင်း စကားများပင် ထည့်ပြောလာသည်။ ဘာပဲဖြစ်ဖြစ် နိုင်ငံတော်ကောင်းရာကောင်းကြောင်းအတွက် ဆောင်ရွက်နေကြသည့် တစ်လှေထဲစီး တစ်ခရီးတည်းသွားနေကြသူများ ဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားသည်။ (အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကနေဒါဝင်ရိုးစွန်းဝက်ဝံများ ရာသီဥတုခြိမ်းခြောက်မှု ရင်ဆိုင်နေရ

အော့တဝါ ဧပြီ ၂၇

ကနေဒါနိုင်ငံရှိ ဝင်ရိုးစွန်းဒေသနေ ဝက်ဝံများသည် ပြောင်းလဲလာသော ရာသီဥတုကြောင့် အသက်ဘေးအန္တရာယ်မှ ခြိမ်းခြောက်ခံနေရကြောင်း၊ သို့ရာတွင် မျိုးသုဉ်း ပျောက်ကွယ်လောက်အောင် ခြိမ်းခြောက်ခံရခြင်းမဟုတ်ကြောင်း ကျွမ်းကျင်သူများက ကနေဒါအစိုးရကို အကြံပြု တင်ပြထားသည်။

အစီအမံ

ကနေဒါအစိုးရသည် ခန့်မှန်းခြေအားဖြင့် ဝင်ရိုးစွန်းဝက်ဝံကောင်ရေ ၁၅၀၀၀ ကို ကာကွယ်ပေးရန် အစီအမံများ ချမှတ်ဆောင်ရွက်သင့်ကြောင်း ယင်းကျွမ်းကျင်သူများအဖွဲ့က ပြောကြားသည်။

ဤဒေသရှိ ဝင်ရိုးစွန်းဝက်ဝံများသည် သဘာဝတရားနှင့်ဆန့်ကျင်လျက် ရင်ဆိုင်နေကြရကြောင်း၊ အမဲလိုက် သတ်ဖြတ်မှုနှင့် ရာသီဥတု ပြောင်းလဲမှုကြောင့် အာတိတ်ရေခဲပြင် အရည်ပျော်ကျမှုများကလည်း ယင်းတိရစ္ဆာန်များ အသက်ရှင်ရပ်တည်ရေးကို ခြိမ်းခြောက်လျက်ရှိသည်။

ခန့်မှန်းထား

ကနေဒါ ဝင်ရိုးစွန်းဝက်ဝံများ ကာကွယ်စောင့်ရှောက်ရေးအစီအစဉ်သည် သိပ္ပံပညာရှင်များ ခန့်မှန်းထားသည့်အတိုင်း ၂၀၁၄ခုနှစ်တွင် အာတိတ်နွေရာသီရေခဲပြင် ကွယ်ပျောက်သွားပါက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန်မလိုတော့ဟု ဆိုသည်။ (အင်တာနက်)

ဝင်ရိုးစွန်းဒေသရှိ ဝက်ဝံ မိသားစု တစ်စုကို ဧပြီ ၂၅ ရက်က တွေ့ရစဉ်။
(အင်တာနက် ဓာတ်ပုံ)

ဆင်းရဲနွမ်းပါးသည့် အီရတ်ကလေးငယ်များ သူပုန်တို့က တပ်သားသစ်အဖြစ်စုဆောင်း

အမ္မန် ဧပြီ ၂၇

အီရတ်နိုင်ငံမှ သူပုန်များနှင့် ပြည်သူ့စစ်အုပ်စုများက တိုက်ခိုက်ရေးအတွက် ကလေးသူငယ်များအား တပ်သားသစ်များအဖြစ် စုဆောင်းလျက်ရှိသည်ဟု ကုလသမဂ္ဂ အထူးသံတမန် မီးစ်ကုမာရဆွာမိက ဂျော်ဒန်နိုင်ငံ အမ္မန်မြို့တော်၌ ထုတ်ဖော်ပြောကြားသည်။

ပြောကြား

အချို့ကိစ္စများတွင် ကလေးသူငယ်များကို အခကြေးငွေပေး၍ ခိုင်းစေကြောင်း မီးစ်ကုမာရဆွာမိက ပြောကြားသည်။

အသုံးချခံ

ဆင်းရဲမွဲတေမှုကို အကြောင်းပြုပြီး ကလေးသူငယ်များအပေါ် ယင်းသို့ အမြတ်ထုတ်ခြင်းကို သည်းမခံနိုင်ကြောင်း၊ ကလေး သူငယ်အများအပြားမှာ စာသင်ကျောင်းကို ကျောခိုင်းပြီး အသုံးချခံနေရကြောင်း မီးစ်ကုမာရဆွာမိက ပြောကြားသည်။ (အင်တာနက်)

နိုင်ဂျီးရီးယားနိုင်ငံရှိ ရေနံကုမ္ပဏီကြီးနှစ်ခု တိုက်ခိုက်ခံရမှုကြောင့် ရေနံလျှော့ထုတ်မည်ဟုပြောကြား

အဘူဂျာ ဧပြီ ၂၇

နိုင်ဂျီးရီးယားနိုင်ငံရှိ ရေနံကုမ္ပဏီကြီးနှစ်ခုသည် စစ်သွေးကြွများက ရေနံပိုက်လိုင်းများကို ဖောက်ခွဲတိုက်ခိုက်နေသဖြင့် ရေနံထုတ်လုပ်မှုကို လျှော့ချသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အိတ်ဇ်ဇွန်မိုဘိုင်းလ်နှင့် ရှိုင်းရယ် ဒတ်ချ်ရှဲလ် ကုမ္ပဏီများသည် ရေနံထုတ်လုပ်မှုကို လျှော့ချသွားမည်ဟု ဆိုသည်။

ဖောက်ခွဲ

နိုင်ဂျာမြစ်ဝရှိ စစ်သွေးကြွများသည် လွန်ခဲ့သော ခုနစ်ရက်က ရှဲလ်ရေနံပိုက်လိုင်းကို စတုတ္ထမြောက်အဖြစ် ဖောက်ခွဲတိုက်ခိုက်ခဲ့သည်။

စိုးရိမ်

နိုင်ဂျီးရီးယားနိုင်ငံသည် ကမ္ဘာ့အဋ္ဌမမြောက် ရေနံအများဆုံး တင်ပို့ရောင်းချသည့် နိုင်ငံဖြစ်သည်။ ရေနံထုတ်လုပ်မှုလျှော့ချလိုက်သဖြင့် ကမ္ဘာ့ရေနံဈေးကွက်သည် စိုးရိမ်စရာဖြစ်လာသည်။

တိုက်ခိုက်မှု

စစ်သွေးကြွတိုက်ခိုက်ရေးသမားများကလည်း တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထုတ်လုပ်

နိုင်ဂျီးရီးယားနိုင်ငံသည် လက်ရှိတွင် တစ်နေ့လျှင် စည်ပေါင်း ၂ ဒသမ ၅ သန်း ထုတ်လုပ်လျက်ရှိသည်။ (အင်တာနက်)

ဖိလစ်ပိုင်၌ မိုးရာသီကာလအတွင်း တိုင်ဖုန်းမုန်တိုင်း ၂၀ ကျရောက်နိုင်

မနီလာ ဧပြီ ၂၇

ဖိလစ်ပိုင်နိုင်ငံ၌ အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းကျရောက်မှုမှာ တစ်နှစ်ထက်တစ်နှစ် များလာလျက်ရှိရာ လာမည့် မိုးရာသီတွင် မုန်တိုင်းအကြိမ် ၂၀ကျရောက်နိုင်ကြောင်း ဖိလစ်ပိုင်မိုးလေဝသ ဌာနက သတိပေးကြေညာချက် ထုတ်ပြန်ထားသည်။

ကိုးကားဖော်ပြ

ယခုနှစ်တွင် အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်း ၁၄ ခုမှ ၁၆ ခုသည် တိုင်ဖုန်းမုန်တိုင်းများအဖြစ်သို့ရောက်ရှိ ကျရောက်လာနိုင်ကြောင်း၊ ယင်းအပူပိုင်းတိုင်ဖုန်းမုန်တိုင်းများသည် မိုးတွင်းကာလ ဇူလိုင်လမှ စက်တင်ဘာလအတွင်း ကျရောက်နိုင်ကြောင်း ဖိလစ်ပိုင် မိုးလေဝသဌာန၏ ထုတ်ပြန်ကြေညာချက်ကို ဖိလစ်ပိုင် စတားသတင်းစာက ကိုးကားဖော်ပြသည်။

ကျရောက်ခဲ့

ဖိလစ်ပိုင်နိုင်ငံ၌ ၂၀၀၇ခုနှစ်က အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်း ၁၃ကြိမ်ကျရောက်ခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အစ္စရေးနှင့်ပါလက်စတိုင်း တိုက်ပွဲဖြစ်ပွား တစ်ဦးသေဆုံး၊ နှစ်ဦး ဒဏ်ရာရရှိ

ဂါဇာ ဧပြီ ၂၇

အစ္စရေးတပ်များနှင့် ပါလက်စတိုင်း စစ်သွေးကြွများသည် ဧပြီ ၂၆ရက်က ဂါဇာ ကမ်းမြောင်ဒေသ မြောက်ပိုင်း၌ ဟားမတ်စ်အဖွဲ့က အပစ်အခတ် ရပ်စဲရေး ငြင်းဆိုလိုက်ပြီးနောက် တိုက်ပွဲ ဖြစ်ပွားခဲ့သည်။

သေဆုံး

ယင်းတိုက်ပွဲကြောင့် အသက် ၁၄နှစ်အရွယ် မိန်းကလေးတစ်ဦး သေဆုံးပြီး ရှစ်ဦး ဒဏ်ရာ ရရှိသွားကြောင်း ပါလက်စတိုင်း ဆရာဝန်များက ပြောကြားသည်။

ပါဝင်

အစ္စရေးတပ်များနှင့် ပါလက်စတိုင်း လက်နက်ကိုင်တို့ တိုက်ခိုက်မှုဖြစ်ပွားစဉ်အတွင်း သေဆုံးသူ မိန်းကလေး၏ မိခင်မှာလည်း ဒဏ်ရာရရှိသူများတွင် အပါအဝင် ဖြစ်သည်။

တိုက်ခိုက်ခဲ့

အစ္စရေးတပ်များသည် ဟားမတ်စ် ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဟက်ဆန်မာရှည်၏ နေအိမ်(အောက်ပုံ)ကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။ (အင်တာနက်)

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ရှိ အထည်ချုပ်စက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို ဧပြီ ၂၅ ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)



သုဝဏ္ဏသိင်္ဂီဆရာတော်ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၇

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ သံသုမာလမ်း စရပ်ကွက်ရှိ သုဝဏ္ဏသိင်္ဂီ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ကျောင်းတိုက် ပဓာနနာယက ပြည်တွင်းပြည်ပသာသနာပြု အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တကစ္စာယနအား ဂုဏဝိသိဋ္ဌပူဇာသဘင်ကို မေ၇ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ တပည့်ဒါယကာ ဒါယိကာမများ ကြွရောက်ပူဇော်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

မိမိတို့၏လိုလားချက်၊ လိုအပ်ချက်များ အပြည့်အဝအာမခံချက်ရရှိအောင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို တစ်ခဲနက်ထောက်ခံအတည်ပြု

နေပြည်တော် ဧပြီ ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဧပြီ ၂၁ရက် နံနက် ၈နာရီတွင် ဆောမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ယောမင်းကြီးဦးဘိုးလှိုင်ခန်းမ၌ ကျင်းပသော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တက်ရောက်

တွေ့ဆုံပွဲသို့ သီရိရပ်ကွက်၊ ဇေယျာရပ်ကွက်နှင့် ခွင်းချောင်း၊ မင်းလယ်၊ ရင်းခေါ်၊ အကြည်ကတင်း၊ အညာကတင်း၊ လယ်ရင်း၊ သီးကုန်း၊ ကျောက်ဆွဲ၊ ပေါက်တော၊ ကြခတ်၊ ဖိုလယ်၊ ကျောက်မြောင်း၊ ဆောလက်ပန်၊ ယောလက်ပန်စသည့်ကျေးရွာ ၁၆ရွာတို့မှ ဒေသခံပြည်သူ ၄၃၀၀ကျော် တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တက်ရောက်လာကြသော ဒေသခံပြည်သူများကိုယ်စား တာဝန်ရှိသူများက ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

အရှိန်အဟုန်မပျက်

တင်ပြချက်များအပေါ် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပညာရေးဆိုင်ရာလုပ်ငန်းများအတွက် အလှူငွေအဖြစ် ခွင်းချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်ရန် ကျပ်ငါးသိန်း၊ကျောက်ဆွဲကျေးရွာ ရေလှောင်ကန်ဆောက်လုပ်ရန် ကျပ်ငါးသိန်း စုစုပေါင်းငွေကျပ် ၁၀သိန်းကိုလည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ပစ္စည်းများနှင့် ဒေသခံပြည်သူများအတွက် အိမ်သုံး၊ လူသုံးပစ္စည်းများကိုလည်းကောင်း၊ ကျောင်းသူကျောင်းသားများအတွက် ကျောင်းသုံးဗလာစာအုပ်များကိုလည်းကောင်း၊ စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

တွေ့ဆုံ

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် နံနက် ၁၀ နာရီခွဲတွင် ကံချောင်းကျေးရွာ တွဲဖက်အလယ်တန်းကျောင်းရှေ့ရှိ ယာယီမဏ္ဍပ်တွင် ပြုလုပ်သည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။ ထိုတွေ့ဆုံပွဲသို့ ကံချောင်း၊ လက်မွန်၊ ကျောက်ဆစ်၊ ပေါက်တော၊ ငှက်ချောင်၊ ညောင်ကန်၊ သလယ်၊ ကွမ်းခင်း၊ ကျင်းလိန်၊ အုတ်ဖို၊ ခူးချောင်း၊ တောမစသည့်ကျေးရွာ ၁၂ရွာတို့မှ ဒေသခံပြည်သူ ၃၂၀၀ကျော် တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့်လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဗဟို အတွင်းရေးမှူးက ကံချောင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံ အမိုးအတွက် ငွေကျပ်နှစ်သိန်း၊ ညောင်ကန်ကျေးရွာ အထက်တန်းကျောင်းခွဲ အဆောက်အအုံသစ်အတွက် ငွေကျပ်နှစ်သိန်း စုစုပေါင်း ငွေကျပ်လေးသိန်းကိုလည်းကောင်း၊ ဒေသခံပြည်သူများအတွက် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ပစ္စည်းများနှင့် အိမ်သုံး၊ လူသုံးပစ္စည်းများကိုလည်းကောင်း၊ ကျောင်းသူကျောင်းသားများအတွက် ကျောင်းသုံးဗလာစာအုပ်များကိုလည်းကောင်း၊ စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကိုလည်းကောင်း ပေးအပ် လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ထို့နောက် ဗဟို အတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းလွဲ ၂နာရီတွင် ကျောက်ထုကျေးရွာအခြေခံပညာအထက်တန်းကျောင်း မြရတနာခန်းမ၌ ပြုလုပ်သော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲသို့ ကျောက်ထုမြို့မရပ်ကွက်၊ ဂုံဘိုရပ်ကွက်၊ နတ်ရဲရပ်ကွက်နှင့် ပန်းဆန်၊ တေး၊ စံ၊ မင်းကြည့်၊ လေး၊ တောခလွန်၊ ငလွန်း၊ နသိုး၊ မိအယ်၊ နှော်၊ ရွာသာ၊ ကြီး၊ မြောက်မကျင်း၊ ပဆုပ်၊ အနိမ့်၊ ကံကြီး၊ ရင့်ရဲ၊ လက်ပန်း၊ ကြန်တောစသည့် ကျေးရွာ ၂၂ရွာတို့မှ ဒေသခံပြည်သူ ၅၀၀၀ကျော် တက်ရောက်ကြသည်။

တင်ပြ

တွေ့ဆုံပွဲတွင် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဗဟိုအတွင်းရေးမှူးဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

လက်ခံ

ယင်းနောက် ဗဟိုအတွင်းရေးမှူးသည် မင်းကြည့်ကျေးရွာ ရေသွယ်မြောင်းဖောက်လုပ်ရေးအတွက် ငွေကျပ်သုံးသိန်း၊ ပန်းဆန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း အဆောက်အအုံအတွက် ငွေကျပ်နှစ်သိန်း စုစုပေါင်းငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ ကြီးကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းခွဲအတွက် ကွန်ပျူတာတစ်စုံကိုလည်းကောင်း၊ ဒေသခံပြည်သူများအတွက် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ပစ္စည်းများနှင့် အိမ်သုံး၊ လူသုံးပစ္စည်းများကိုလည်းကောင်း၊ ကျောင်းသူကျောင်းသားများအတွက် ကျောင်းသုံးဗလာစာအုပ်များကိုလည်းကောင်း၊ စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ တွေ့ဆုံပွဲအပြီးတွင် ဒေသခံပြည်သူများအား ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆောက်လုပ်လှူဒါန်း

ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲများ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် ယနေ့အချိန်အခါတွင် ပြည်သူတစ်ရပ်လုံးသည် တည်ငြိမ်အေးချမ်းမှု၏ တန်ဖိုးကို ခံစားသိရှိနေကြပြီဖြစ်သည့်အားလျော်စွာ လူတိုင်း တည်ငြိမ်အေးချမ်းမှုကို လိုလားလျက်ရှိကြောင်း၊ လူတစ်ဦး မိသားတစ်စုမှသည် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်မှုကို လိုလားလျက်ရှိကြောင်း၊ ထို့အပြင် လူတိုင်း ဥပဒေ၏အရိပ်အာဝါသအောက်တွင် လုံခြုံအေးချမ်းစွာ အသက်မွေးဝမ်းကျောင်းပြုလျက် ရပ်တည်နေထိုင်လိုကြောင်း၊ ပြည်သူတစ်ရပ်လုံး၏ ဤအခြေခံလိုလားချက်သုံးရပ်ကို နိုင်ငံတော်အစိုးရက အကောင်အထည် ဖော်ပေးလျက်ရှိရာ တည်ငြိမ်သည့် အခြေခံကောင်းများ ရရှိနေပြီဖြစ်ကြောင်း၊ ဤအခြေခံကောင်းများ ဆက်လက်တိုးတက်ဖြစ်ထွန်းတည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်သွားရန်မှာ ပြည်သူလူထုတစ်ရပ်လုံး၏ အမျိုးသားရေးတာဝန်ပင်ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံး၏ တည်ငြိမ်မှု၊ အေးချမ်းမှုကို အပြည့်အဝအာမခံနိုင်မည့်၊ ပြည်သူလူထု၏ လူမှုစီးပွားရေးဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှုကို အပြည့်အဝအာမခံနိုင်မည့်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အပြည့်အဝအာမခံနိုင်မည့်၊ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ဖော်ဆောင်ပေးမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုကြရတော့မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်သူတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို တစ်ခဲနက်ထောက်ခံအတည်ပြုခြင်းဖြင့် မိမိတို့၏လိုလားချက်၊ လိုအပ်ချက်များ အပြည့်အဝ အာမခံချက်ရရှိအောင် စည်းလုံးညီညွတ်စွာ ဆောင်ရွက်စေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ကျောက်ထုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ သွားရောက်၍ စာကြည့်တိုက်အတွင်း စာအုပ်၊ စာစောင်များထားရှိမှုစနစ်များနှင့် နံရံကပ်စာစောင်များ ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်ချက်များမှာကြားခဲ့သည်။ ။

(သတင်းစဉ်)

အမှာစကားပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူးပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ဆောမြို့နယ် ကံချောင်းကျေးရွာ တွဲဖက်အလယ်တန်းကျောင်းရှေ့ရှိ ယာယီမဏ္ဍပ်တွင် ကျေးရွာ ၁၂ရွာတို့မှ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူးပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကျောက်ထုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်အတွင်း စာအုပ်၊ စာစောင်များထားရှိမှုစနစ်များနှင့် နံရံကပ်စာစောင်များ ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၄) အမှတ် (၁၆) ဖြန့်ချိ

ရန်ကုန် ဧပြီ ၂၇

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄) အမှတ်(၁၆)တွင် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းမှ သိကောင်းစရာအချက်များ**နှင့်အတူ ရတနာပုံဈေး မီးလောင်ကျွမ်းမှုဖြစ်ရပ်အမှန်ရှင်းလင်း၊ ဓာတ်ငွေ့ပိုက်လိုင်းပေါက်သဖြင့် သင်္ကြန်တွင်း မီးပြတ်ခဲ့ခြင်းဖြစ်၊ သတ္တုမိုင်းဟောင်းများကို နည်းပညာသစ်ဖြင့် ပြန်လည်တူးဖော်ပါက အကျိုးအမြတ်ရရှိနိုင်၊ အထည်ချုပ်လုပ်ငန်းများ ပြန်လည်ဦးမော့လာ၊ ယခုနှစ် မိုးရာသီဝင်ရောက်မှု ယခင်နှစ်များကထက်နောက်ကျမည်၊ ပင်လယ်ပြင် အပန်းဖြေခရီးစဉ်အဖြစ် မြိတ်ကျွန်းစုများဆီသို့ သွားနိုင်ပြီ၊ သွေးမတိတ်ရောဂါရှင် ကလေးငယ်များအတွက် သန့်စင်သွေးများ လှူဒါန်းနိုင်၊ ပြည်ပပို့ကုန်များအတွက် သင်္ဘောလိုင်းသစ် စတင်ပြေးဆွဲပြီ၊ သင်္ဘောသား ပတ်စ်ပို့အသစ် လျှောက်လိုသူများ SECD သို့မဟုတ် ပုံစံ ၁၇တင်ပြရန်လို စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ ဝင်းနိုင်ထွန်း၏ **လူကုန်ကူးမှုဖြစ်ဖို့ ဘယ်သူတွေက အားပေးကူညီနေကြသလဲ၊** ချွဲဝွမ်ဂျင်း၏ **စိတ်ခံစားချက် ပန်းချီအနုပညာနှင့် မြန်မာ-ကိုရီးယားယဉ်ကျေးမှုဆက်နွယ်ခြင်း**ကဲ့သို့သော ရှုမြင်သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

'အိုစမာဘင်လာဒင်ဟာ ပါကစ္စတန်မြေပေါ်မှာပဲရှိနေတယ်' အိုစမာဘင်လာဒင်ကျွမ်းကျင်သူ အမေရိကန်စာရေးဆရာ စတိဗ်ကောလ်နှင့် တွေ့ဆုံခြင်း အင်တာဗျူး ဆောင်းပါးနှင့်အတူ တောင်ကိုရီးယားသမ္မတသစ်ကြောင့် တောင်မြောက်ပေါင်းဆုံရေး အလှမ်းဝေးဦးမည်လား၊ ပိုပိုမေတို့သတိပြုစရာ၊ Titanic သင်္ဘောကြီးနစ်မြုပ်ခဲ့ရခြင်းတွင် သံမှိုများကတရားခံဖြစ်၊ ဘလော့ဂါများအတွက် အထူးအစီအစဉ် မလေးရှားရပ်သံတွင် ဖွင့်လှစ်ထားမည်၊ စပိန်နိုင်ငံ၏ အမျိုးသမီးကာကွယ်ရေးဝန်ကြီး အာဖဂန်နစ္စတန်သို့ရောက်ရှိ၊ တရုတ်သတင်းစာဆရာများအဖွဲ့က CNNအား ဆန္ဒပြ၊ ဂျိမ်းစ်ဘွန်းအား အသက်သွင်းခဲ့သူကို ဂုဏ်ပြုသောအားဖြင့် ပြခန်းဖွင့်လှစ်ပြသ၊ အရက်သောက်ဖော်တစ်ဦး အလိုရှိသည်၊ မက္ကဆီကန်အလုပ်သမားများကို ကယ်လီဖိုးနီးယားမှ မှီခိုနေသကဲ့သို့ နိုင်ငံခြားလုပ်သားများအား ဖူးကက်မှ မှီခိုနေရ၊ ခန္ဓာကိုယ်အတွင်းအင်္ဂါများအား အနုစိတ် စစ်ဆေးကြည့်ရှုနိုင်ပြီ စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့်အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

ဧပြီ ၂၇ရက်ညနေ ၆နာရီမှ ၂၉ရက်ညနေ ၆နာရီအထိ ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်း အလှည့်ကျ ဓာတ်အားပေးနေမှုထက် အနည်းငယ်လျော့ကျမည်

ရန်ကုန် ဧပြီ ၂၇

ရန်ကုန်မြို့ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံလေးရုံသို့ သဘာဝဓာတ်ငွေ့ပို့လွှတ်နေသော ကမ်းလွန်ဓာတ်ငွေ့ပိုက်လိုင်းများသည် ဧပြီ ၂၇ ရက်(တနင်္ဂနွေနေ့) ညနေ ၆နာရီမှ ၂၉ရက်(အင်္ဂါနေ့)ညနေ ၆နာရီအထိ ဓာတ်ငွေ့ပိုက်လိုင်းများ ပြုပြင်ရန်အတွက် ခေတ္တပိတ်ထားမည်ဖြစ်သည်။ ယင်းကဲ့သို့ ဓာတ်ငွေ့ပိုက်လိုင်းများပြုပြင်နေသဖြင့် ရန်ကုန်မြို့ရှိ အလုံ၊ လှော်ကား၊ ရွာမ၊ သာကေတ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံလေးရုံမှ ဓာတ်အားထုတ်လုပ်နေမှုသည် လက်ရှိထုတ်လုပ်မှုထက် မဂ္ဂါဝပ် ၁၀၀ခန့် လျော့နည်းသွားမည်ဖြစ်ရာ ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်း အလှည့်ကျဓာတ်အားပေးနေမှုမှာ ယခင်ထက် အနည်းငယ်လျော့နည်းသွားမည်ဟု ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က ကြေညာထားကြောင်း သိရသည်။

(သတင်းစဉ်)

ရည်မှန်းချက်တာဝန်(၄)ရပ်ဖြင့် ရှေ့သို့ချီတက်နေသော အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ နိုင်ငံတော် ဓာတ်အားပေးစနစ်(

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ဓာတ်အားပေးစက်ရုံကြီးများမှ ထုတ်လုပ်သော ဓာတ်အားကို ဓာတ်အားသုံးစွဲသူများနေထိုင်ရာ မြို့ရွာများသို့အရောက် မဟာဓာတ်အားလိုင်းကြီးများအား လိုင်းမိုင် ရာနှင့်ချီ၍ သွယ်တန်းခြင်း၊ ပင်မဓာတ်အားခွဲရုံကြီးများကိုလည်း မဟာဓာတ်အားလိုင်းတစ်လျှောက် တည်ဆောက်ခြင်း၊ ပင်မဓာတ်အားခွဲရုံကြီးများမှတစ်ဆင့် ဓာတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ဓာတ်အားဖြန့်ဖြူးရေးခွဲရုံများစွာတို့ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း တာဝန်ယူဆောင်ရွက်လျက်ရှိပေသည်။

ထိုလုပ်ငန်းများစွာတို့အတွက် ငွေအင်အား၊ လူအင်အားတို့ဖြင့် ဆောင်ရွက်နေသည့်တိုင် ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများစွာကျန်ရှိနေသေးရာ တိုးတက်မှု တစ်ပြေးညီရရှိရေး အကန့်အသတ် မရှိစေရန်အတွက် ဓာတ်အားသုံးစွဲလိုသူများမှ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးရေးလိုင်းများ တည်ဆောက်ခွင့်ကို မူဝါဒအရ ခွင့်ပြုပေးပြီး လိုအပ်သောနည်းပညာ အကူအညီများပေးခြင်းဖြင့် ပြည်သူလူထုပါဝင်သော လျှပ်စစ်ဓာတ်အားလုပ်ငန်းကို အားပေးဆောင်ရွက်လျက်ရှိသည်။

အလားတူပင် မဟာဓာတ်အားလိုင်းစနစ်မှ တိုက်ရိုက်ဓာတ်အား ဆက်သွယ်သုံးစွဲရန် အခြေအနေ မပေးသေးသည့် ဒေသများရှိ တိုင်းရင်းသားလူမျိုးများ လူနေမှုဘဝ မနိမ့်ကျစေရေး၊ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းပေါ်များရေး ဦးတည်ချက်ကောင်းများဖြင့် ထိုဒေသများတွင် ဒေသအလိုက် မီးလင်းရေးကော်မတီများ ဖွဲ့စည်း၍လည်းကောင်း၊ တိုင်းရင်းသားလုပ်ငန်းရှင်များမှ ရင်းနှီးမြှုပ်နှံခြင်းဖြင့်လည်းကောင်း ဓာတ်အားပေးစက်များ တည်ဆောက်၍ ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စနစ်တကျစိစစ်ခွင့်ပြု၍ အားပေးကူညီခြင်းများကို အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိပေသည်။

ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်မှု

ဒေသအလိုက် မီးလင်းရေးကော်မတီများ ဖွဲ့စည်း၍ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသော ဒေသများမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းများတွင် ဓာတ်အားပေးလျက်ရှိပြီး ဒေသအလိုက် တစ်ယူနစ် ဓာတ်အားဈေးနှုန်းများ ကော်မတီအလိုက် နယ်မြေဒေသ လူထုနှင့် ပူးပေါင်းပြီး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

အိမ်နီးချင်းနိုင်ငံများမှ ဓာတ်အားဝယ်ယူသုံးစွဲမှု

အိမ်နီးချင်းနိုင်ငံများ၏ နယ်နိမိတ်များနှင့် နီးကပ်စွာတည်ရှိသော ဒေသများအချို့သည် ထိုနိုင်ငံများ၏ ဓာတ်အားကို သွယ်တန်းရယူကာ ဓာတ်အားဝယ်ယူသုံးစွဲလျက်ရှိပါသည်။ ထိုဒေသများ၏ ဓာတ်အားခ တစ်ယူနစ်ဈေးနှုန်းများကို မြန်မာနိုင်ငံ၏ ဓာတ်အားခဈေးနှုန်းနှင့် နှိုင်းယှဉ်လေ့လာနိုင်ရန် ပြုစုတင်ပြလိုက်ရပါသည်။

ရှမ်းပြည်နယ်

မြို့အမည်	အဖွဲ့အမည်	ပြည်သူ	ဝန်ထမ်း	ဌာန	ဘာသာရေး	လမ်းမီး	စက်မှု
မူဆယ်	မြို့မီးလင်းရေး	၁.၂ယွမ်	၁.၂ယွမ်	၀.၇၅ယွမ်	၁.၂ယွမ်	၁ယွမ်	၁.၂ယွမ်
နမ့်ခမ်း	မြို့မီးလင်းရေး	၁.၂ယွမ်	၁.၂ယွမ်	၀.၇၅ယွမ်	၁.၂ယွမ်	၁.၂ယွမ်	၁.၂ယွမ်
ကြူကုတ်	မြို့မီးလင်းရေး	၁.၂ယွမ်	၁.၁ယွမ်	၁.၁ယွမ်	၁.၁ယွမ်	၁ယွမ်	၁.၂ယွမ်
မုံးကိုး	မြို့မီးလင်းရေး	၂ယွမ်	၁.၅ယွမ်	၁ယွမ်	၁ယွမ်	အခမဲ့	၂ယွမ်
မန်ဟီးရိုး	မြို့မီးလင်းရေး	၁.၅ယွမ်	၁.၅ယွမ်	၁.၅ယွမ်	၁.၅ယွမ်	၁.၅ယွမ်	၁.၅ယွမ်
ကွတ်ခိုင်	မော်ဟန်	၁၈၅ကျပ်	၁၈၅ကျပ်	၁၈၅ကျပ်	၁၈၅ကျပ်	၁၈၅ကျပ်	၁၈၅ကျပ်
ဟိုပန်	မြို့မီးလင်းရေး	၁.၂ယွမ်	၀.၅ယွမ်	၀.၅ယွမ်	အခမဲ့	၀.၅ယွမ်	၁.၂ယွမ်
ကွမ်းလုံ	မြို့မီးလင်းရေး	၁.၂ယွမ်	၀.၅ယွမ်	၀.၅ယွမ်	အခမဲ့	၀.၅ယွမ်	၁.၂ယွမ်
မန်တုံ	မြို့မီးလင်းရေး	၁.၂ယွမ်	၀.၅ယွမ်	၀.၅ယွမ်	အခမဲ့	၀.၅ယွမ်	၁.၂ယွမ်

ကရင်ပြည်နယ်

မြို့အမည်	အဖွဲ့အမည်	ပြည်သူ	ဝန်ထမ်း	ဌာန	ဘာသာရေး	လမ်းမီး	စက်မှု
မြဝတီ		၄.၅ဘတ်		၃.၅ဘတ်	အခမဲ့		
ဘုရားသုံးဆူ		၆ဘတ်		အခမဲ့	အခမဲ့		

ကချင်ပြည်နယ်

မြို့အမည်	အဖွဲ့အမည်	ပြည်သူ	ဝန်ထမ်း	ဌာန	ဘာသာရေး	လမ်းမီး	စက်မှု
လွယ်ဂျယ်	စိန်ရွှေစိန်	၁.၅ယွမ်	-	၁ယွမ်	၁ယွမ်	၂ယွမ်	-

အိမ်နီးချင်းနိုင်ငံများမှ ဓာတ်အားဆက်သွယ် ဝယ်ယူသုံးစွဲနေရသည့် ဓာတ်အားခ နှုန်းထားများသည် အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ လက်ရှိ သတ်မှတ်ကောက်ခံလျက်ရှိသည့် ဓာတ်အားခနှုန်းထားထက်များစွာ ဈေးကြီးလျက်ရှိကြောင်း တွေ့ရှိနိုင်ပါသည်။

လက်ရှိ အခြေအနေတွင် ဓာတ်အားစနစ်မှ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ခြင်း မရှိသေးသော ဒေသများ အနက် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်ဒေသများအရောက် ဓာတ်အားပို့လွှတ်နိုင်ရေး နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှုပြုထားသဖြင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အင်ဂျင်နီယာများသည် မဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံကြီးများကို နေရာဒေသများစွာတွင် အထူးကြိုးစား တည်ဆောက်လျက်ရှိနေပါကြောင်းနှင့် ကျန်ရှိနေသည့် ဒေသများကိုလည်း အလားတူ တည်ဆောက်နိုင်ရေးစီမံချက်များ ချမှတ်ထားရှိကြောင်း သိရသည်။

ဒေသတွင်းနိုင်ငံများ၏ ဓာတ်အားခဈေးနှုန်းများ

မြန်မာနိုင်ငံ၏ နေအိမ်သုံးနှင့် လုပ်ငန်းသုံး လက်ရှိဓာတ်အားခနှုန်းထားများကို အာရှဒေသတွင်း နိုင်ငံများ၏ လျှပ်စစ်ဓာတ်အားခများကို နှိုင်းယှဉ်လေ့လာကြည့်ပါက မြန်မာနိုင်ငံ၏ ဓာတ်အားခနှုန်းထားမှာ ပြည်သူလူထုအတွက် ပို၍သက်သာမှုရှိကြောင်း တွေ့ရမည်ဖြစ်ပေသည်။

ဒေသ/နိုင်ငံ	အိမ်သုံး		လုပ်ငန်းသုံး		
	တစ်ယူနစ်ဈေး အမေရိကန်ဆင့်	မှတ်ချက်	သုံးစွဲပုံ	တစ်ယူနစ်ဈေး အမေရိကန်ဆင့်	Capacity Charges $/KVA/month
ဖိလစ်ပိုင်	၁၅.၅၀			၁၆.၃၄	၂၈.၃၆၀
ဟောင်ကောင်	၁၅.၃၈	ယူနစ်၁၅၀၀အထိ	ဗို့အားနိမ့်	၁၄.၅၃	၅.၅၂၆
	၁၆.၅၀	ယူနစ်၁၅၀၀အထက်	ဗို့အားမြင့်	၁၄.၄၅	၅.၃၉၈
စင်ကာပူ	၁၂.၇၃		Peak Time	၁၁.၀၅	၄.၄၇၇
			Off-peak Time	၆.၆၁	၄.၄၇၇
ကမ္ဘောဒီးယား	၉.၄၀	၁-၅၀ ယူနစ်အထိ		၁၅.၆၇	
	၁၄.၇၀	၅၁-၁၀၀ ယူနစ်အထိ			
	၁၇.၃၅	၁၀၁ ယူနစ်မှအထက်			
ဘင်္ဂလားဒေ့ရှ်	၇.၅၆	Peak Time	Peak Time	၄.၉၂	
	၅.၄၀	Shoulder Time	Shoulder Time	၄.၁၃	
	၄.၃၀	Off-peak Time	Off-peak Time	၃.၉၅	
အင်ဒိုနီးရှား	၆.၈၅			၆.၀၁	
ပေကျင်း	၆.၃၀		Peak Time	၉.၄၀	၃.၈၇၀
			Shoulder Time	၆.၉၄	၃.၈၇၀
			Off-peak Time	၄.၆၆	၃.၈၇၀
ဗီယက်နမ်	၆.၂၁		Peak Time	၁၀.၁၇	
			Shoulder Time	၅.၀၄	
			Off-peak Time	၂.၇၅	

ဒေသ/နိုင်ငံ	အိမ်သုံး	
	တစ်ယူနစ်ဈေး အမေရိကန်ဆင့်	မှတ်
ကူမင်း	၆.၁၈	
မလေးရှား	၆.၀၆	၁-၂၀၀
	၈.၀၃	၂၀၁-၁၀၀၀
	၈.၆၇	၁၀၀၁ ယူန
နီပေါ	၅.၆၀	ယူနစ်
	၁၀.၂၀	ယူနစ် ၈
ထိုင်း	၃.၉၄	၁-၁၅၀
	၆.၀၇	၁၅၁-၄၀၀
	၆.၅၀	၄၀၁ ယူန
ဘရူနိုင်း	၃.၈၀	
အိန္ဒိယ	၃.၄၈	၁-၁၀၀
	၄.၀၆	၁၀၁-၂၀၀
	၆.၉၃	၂၀၀-၄၀၀
	၈.၃၂	၄၀၀ ယူန
လာအို	၁.၅၉	၁-၂၅
	၃.၉၄	၂၆-၁၅၀
	၇.၉၉	၁၅၁ ယူန

မှတ်ချက်။ ။ (အထက်ပါဓာတ်အားခ
ပါသည်။)





...နေသော ...တ်အားပေးစနစ်(၁၀)

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်

ဓာတ်ပုံ - အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

...acity ...arges ...A/month
...·၃၆၀
...·၅၂၆
...·၃၉၈
...·၄၇၇
...·၄၇၇
...·၈၇၀
...·၈၇၀
...·၈၇၀

ဒေသ/နိုင်ငံ	အိမ်သုံး		လုပ်ငန်းသုံး		
	တစ်ယူနစ်ဈေး အမေရိကန်ဆင့်	မှတ်ချက်	သုံးစွဲပုံ	တစ်ယူနစ်ဈေး အမေရိကန်ဆင့်	Capacity Charges $/KVA/month
ကူမင်း	၆·၁၈			၉·၈၆	
မလေးရှား	၆·၀၆	၁-၂၀၀ ယူနစ်အထိ	ဗို့အားနိမ့်	၈·၉၇	
	၈·၀၃	၂၀၁-၁၀၀၀ယူနစ်အထိ	ဗို့အားမြင့်	၆·၅၀	၅·၄၂၀
	၈·၆၇	၁၀၀၁ ယူနစ်မှအထက်			
နီပေါ	၅·၆၀	ယူနစ် ၈၀ အထိ	ယူနစ် ၄၀၀အထိ	၁၁·၄၀	
	၁၀·၂၀	ယူနစ် ၈၀ အထက်	ယူနစ် ၄၀၀အထက်	၁၃·၉၀	
ထိုင်း	၃·၉၄	၁-၁၅၀ ယူနစ်အထိ	300KW အထိ	၅·၃၈	၄·၉၈၃
	၆·၀၇	၁၅၁-၄၀၀ ယူနစ်အထိ	30-1000KW အထိ	၃·၇၂	၄·၂၉၀
	၆·၅၀	၄၀၁ ယူနစ်မှအထက်	1000KW အထက်	၃·၇၂	၁·၂၈၆
ဘရူနိုင်း	၃·၈၀			၃·၈၀	
အိန္ဒိယ	၃·၄၈	၁-၁၀၀ ယူနစ်အထိ	ဗို့အားနိမ့်	၁၆·၈၁	၄·၄၀၀
	၄·၀၆	၁၀၁-၂၀၀ ယူနစ်အထိ	ဗို့အားမြင့်	၁၄·၀၁	၃·၃၀၀
	၆·၉၃	၂၀၀-၄၀၀ ယူနစ်အထိ			
	၈·၃၂	၄၀၀ ယူနစ်မှအထက်			
လာအို	၁·၅၉	၁-၂၅ ယူနစ်အထိ	ဗို့အားနိမ့်	၆·၄၆	
	၃·၉၄	၂၆-၁၅၀ ယူနစ်အထိ	ဗို့အားမြင့်	၅·၄၅	
	၇·၉၉	၁၅၁ ယူနစ်မှအထက်			

မှတ်ချက်။ ။ (အထက်ပါဓာတ်အားခဈေးနှုန်းများကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် စုစည်းရရှိခဲ့ပါသည်။)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များမှ ကိုယ်တိုင် ဓာတ်အားထုတ်လုပ်၍ လည်းကောင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံများနှင့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတို့မှ ဓာတ်အား ထုတ်လုပ်မှုကို ဓာတ်အားစနစ်ကွန်ရက် (National Grid System) သို့ ချိတ်ဆက်ရယူ၍လည်းကောင်း၊ ထုတ်လုပ်မှုများကို စုပေါင်းကာ တစ်နိုင်ငံလုံးသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးကာ ဓာတ်အားသုံးစွဲသူများကို ဝန်ဆောင်မှုပေးနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ဓာတ်အားသုံးစွဲသူများ၏ လျှပ်စစ်လိုအပ်ချက်ကို အချိန်နှင့်အမျှ ကိုက်ညီအောင် လိုက်ပါဖြည့်ဆည်းရန် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ရသည်ဟု သိရသည်။ ဓာတ်အားသုံးစွဲသူများ၏ လိုအပ်ချက်ပမာဏအတိုင်း အချိန်နှင့်အမျှ လိုက်ပါ ပြောင်းလဲထုတ်လုပ်နိုင်ရန် အကြောင်းကြောင်းကြောင့် စက်ကိုအရေးပေါ်ရပ်ရန် (သို့မဟုတ်) ပုံမှန်ရပ်ရန် လိုအပ်လာချိန်တွင် ဝန်အားမနိုင်ပါက ဝန်အားကြိုတင်လျှော့နိုင်ရန်တို့ ဆောင်ရွက်ရသည်။

ထိုတာဝန်ကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားကွပ်ကဲရေးဌာနမှ ၂၄ နာရီ တာဝန်ယူထမ်းဆောင်နေကြောင်း သိရသည်။ ဓာတ်အား စနစ်ကို တည်ငြိမ်စွာ ထိန်းသိမ်းနိုင်ရေးမှာ လွန်စွာအရေးကြီးသည့်အတွက် ယခင်ကတာဝန်ယူခဲ့သော ပုဂ္ဂိုလ်များမှ အမြော်အမြင်ကြီးစွာ ဓာတ်အား ကွပ်ကဲရေးဌာနမှ ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားခွဲရုံများသို့ တိုက်ရိုက်စဉ်ဆက်မပြတ် ဆက်သွယ်ဆောင်ရွက်နိုင်ရန် မဟာဓာတ်အားလိုင်းသုံး ဆက်သွယ်ရေးစနစ် (Power Line Carrier-PLC) ကို တည်ဆောက်ပေးခဲ့ရာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသည် အဆိုပါ မဟာဓာတ်အားလိုင်းသုံး ဆက်သွယ်ရေးစနစ် (Power Line Carrier-PLC) ကို အသုံးပြု၍ စဉ်ဆက်မပြတ် ညှိနှိုင်း ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

လက်ရှိတည်ဆောက်ဆဲ မဟာဓာတ်အားလိုင်းများ၊ ပင်မဓာတ်အားခွဲရုံကြီးများ တည်ဆောက်ရေး စီမံကိန်းများအတွက် မဟာဓာတ်အားလိုင်း ၁၀ မိုင် တည်ဆောက်တိုင်း လိုအပ်သောပစ္စည်းများကို ပြည်ပမှဝယ်ယူခဲ့ရာ အမေရိကန်ဒေါ်လာတစ်သန်းခန့် ကုန်ကျလျက်ရှိသည်ဟုဆို၏။ သို့ဖြစ်၍ ၁၉၈၈ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း ထပ်မံတည်ဆောက်ပြီးစီးခဲ့သည့် မဟာဓာတ်အားလိုင်းမိုင်ပေါင်းကို အောက်ပါဇယားကိုကြည့်ခြင်းဖြင့် နိုင်ငံတော်မှ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးရေးကို နိုင်ငံခြားငွေပမာဏများစွာ ရင်းနှီးပေးလျက်ရှိနေကြောင်း သိရှိနိုင်ပါသည်။

ဗို့အား	၁၉၈၈မတိုင်မီ လိုင်းအရှည်(မိုင်)	၁၉၈၈ မှ ၂၀၀၈ခုနှစ်အတွင်း ထပ်မံတည်ဆောက်ပြီးလိုင်းအရှည်(မိုင်)
၂၃၀ ကေဗွီ	၅၆၈·၉၈	၃၄၇·၇၇
၁၃၂ ကေဗွီ	၇၀၆·၆၇	၄၆၃·၃၉
၆၆ ကေဗွီ	၄၈၂·၃၇	၉၆၉·၃၆
စုစုပေါင်း	**၁၇၅၈·၀၂**	**၁၇၈၀·၅၂**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများသည် တောတောင်အထပ်ထပ်တွင် တစ်နှစ်ပတ်လုံး အသက်ကိုပဓာနမထား စွန့်စား၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသည်။ တည်ဆောက်ရေးလုပ်ငန်းခွင် တစ်ခုပြီးလျှင် နောက်စီမံကိန်းလုပ်ငန်းခွင်များသို့ ပြောင်းရွှေ့လုပ်ကိုင် ကြရပါသည်။ ထိုသို့လုပ်ကိုင်နေကြခြင်းမှာ နိုင်ငံတော်၏စီးပွားရေးနှင့် လူမှုရေးအပါအဝင် ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရန်နှင့် လျှပ်စစ်ဓာတ်အားကဏ္ဍ ပီပြင်ခိုင်မာလာရေးတို့အတွက်ပင် ဖြစ်သည်။

အချုပ်အားဖြင့် တင်ပြရသော် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီနှင့် အစိုးရဝန်ကြီးဌာနများက ဝိုင်းဝန်းကြိုးပမ်းလျက်ရှိသည်နှင့်အညီ စီးပွားရေးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍနှင့် လူမှုရေးကဏ္ဍအသီးသီးတို့တွင် လျှပ်စစ်စွမ်းအားသည် အဓိကအနေဖြင့် ပါဝင်နေသည်ဖြစ်၍ အဆိုပါကဏ္ဍအသီးသီးမှလုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းနှင့် ဆောင်ရွက်ချက် လုပ်ငန်းများကို အသေးစိတ်အချက်အလက်များ၊ စာရင်းဇယားများနှင့်အတူ ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဓာတ်အားသုံးစွဲသူ ပြည်သူများက သိရှိနားလည်ပြီး လောလောဆယ် အလှည့်ကျရရှိသည့် လျှပ်စစ်ဓာတ်အားစနစ်ကို မိမိတို့အတွက် အရေးကြီးသည့် လူမှုဘဝကဏ္ဍများတွင် အကျိုးရှိစွာ သုံးစွဲခြင်းဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ဓာတ်အားပေးစက်ရုံကြီးများမှ ထုတ်လုပ်သောဓာတ်အားကို ဓာတ်အားသုံးစွဲသူများနေထိုင်ရာ မြို့ရွာများသို့ အရောက် မဟာဓာတ်အားလိုင်းကြီးများအား လိုင်းမိုင်ရာနှင့်ချီ၍ သွယ်တန်းခြင်း၊ ပင်မဓာတ်အားခွဲရုံကြီးများကိုလည်း မဟာဓာတ်အား လိုင်းတစ်လျှောက် တည်ဆောက်ခြင်း၊ ပင်မဓာတ်အားခွဲရုံကြီးများမှတစ်ဆင့် ဓာတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ဓာတ်အားဖြန့်ဖြူးရေးခွဲရုံများစွာ တို့ကို တစ်ချိန်တည်း တစ်ပြိုင်တည်းတာဝန်ယူဆောင်ရွက်လျက်ရှိ။

ထိုလုပ်ငန်းများစွာတို့အတွက် ငွေအင်အား၊ လူအင်အားတို့ဖြင့် ဆောင်ရွက်နေသည့်တိုင် ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများစွာကျန်ရှိနေသေးရာ တိုးတက်မှုတစ်ပြေးညီရရှိရေး အကန့်အသတ်မရှိစေရန် အတွက် ဓာတ်အားသုံးစွဲလိုသူများမှ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့်ဓာတ်အား ဖြန့်ဖြူးရေးလိုင်းများ တည်ဆောက်ခွင့်ကို မူဝါဒအရ ခွင့်ပြုပေးပြီး လိုအပ်သောနည်းပညာ အကူအညီများပေးခြင်းဖြင့် ပြည်သူလူထုပါဝင်သော လျှပ်စစ်ဓာတ်အားလုပ်ငန်းကို အားပေးဆောင်ရွက်။

ကလောင်တံမြှင့်၍ အောင်လံလွှင့်အံ့

ကျော်မင်းအေး

ကမ္ဘာ့သမိုင်းဖြစ်စဉ်များအရ နိုင်ငံတစ်နိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ် ထူထောင်ရာတွင် ယေဘုယျအားဖြင့် အဓိကအခြေခံကောင်းသုံးရပ် မရှိမဖြစ်လိုအပ်ကြောင်း ဖော်ထုတ်တွေ့ရှိရသည်ဟု ဆိုကြသည်။ ယင်းအဓိက အခြေခံကောင်းသုံးရပ်မှာ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိခြင်း၊ ဖွံ့ဖြိုးတိုးတက်သော လူမှုစီးပွားရေးဘဝ တည်ရှိခြင်းနှင့် အသိပညာ ဗဟုသုတကြွယ်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ရှိထားခြင်းတို့ပင် ဖြစ်သည်။

ယနေ့ ဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနိုင်ငံအချို့ဆိုလျှင် စီးပွားရေးလုပ်ငန်းများကိုပင် ပညာကိုအခြေခံသော စီးပွားရေးလုပ်ငန်းများအဖြစ်သို့ တစ်ဆင့်တက်လှမ်း ကူးပြောင်းနေကြောင်း တွေ့ရှိရသည်။ တစ်နည်းအားဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍသုံးရပ်ကို ပညာဖြင့် ဆက်စပ်ဖော်ဆောင်နေခြင်းဟု ဆိုနိုင်သည်။

အဆိုပါ အခြေခံကောင်းသုံးရပ်တွင် အဓိကအကျဆုံး ရေသောက်မြစ်မှာ အသိပညာဗဟုသုတ ကြွယ်ဝသော လူ့စွမ်းအားအရင်းအမြစ်ဖြစ်ကြောင်း တွေ့ရသည်။ အသိပညာဗဟုသုတ ကြွယ်ဝသော လူ့စွမ်းအား အရင်းအမြစ်များ ပိုမိုထွန်းကားများပြားလာသည်နှင့်အမျှ ထိုနိုင်ငံသည် ပိုမိုတည်ငြိမ် အေးချမ်းသာယာလာမည်။ တရားဥပဒေကို လူတိုင်းနီးပါး လေးစားလိုက်နာကြသည်။ ထိုနည်းတူ တရားဥပဒေကလည်း လူတိုင်းကို တန်းတူညီမျှ အကာအကွယ်ပေးထားသည်။

တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုတို့က ထိုနိုင်ငံသားတို့၏ မူလအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးသည်။ ထို့ကြောင့် လူတိုင်းလိုလိုပင် မိမိတို့၏ ကာယ၊ ဉာဏစွမ်းအားများအလိုက် တီထွင်ဖန်တီး လုပ်ကိုင်နိုင်သည်။ လူသားတို့အတွက် လူ့အသုံးအဆောင်ပစ္စည်းများကို ကောင်းသထက်ကောင်းအောင် ထုတ်လုပ်လာကြသည်။ တရားသော ယှဉ်ပြိုင်မှုဖြင့် ကိုယ်ရည်ကိုယ်သွေးနှင့် ဉာဏ်ရည်ဉာဏ်သွေးများ ပိုမိုထက်မြက် မြင့်မားလာကြသည်။

ဤသို့ဖြင့် စားသုံးသူများအတွက်လည်း ရွေးချယ်နိုင်ခွင့်များ ပိုမိုများပြားလာသည်။ ဒေါင်ဒေါင်မြည် စိတ်ကြိုက်ခေါင်းခေါက်ပြီး ဝယ်ယူသုံးစွဲနိုင်ခြင်းဟု ဆိုရမည်။ ဤသို့သော ပစ္စည်းကောင်း၊ အရည်အသွေးကောင်းကို ရွေးချယ်နိုင်စွမ်း မြင့်မားလာခြင်းကပင် နိုင်ငံရေးအရ ရွေးချယ်တင်မြှောက်ရာတွင် ထိထိရောက်ရောက် အထောက်အကူပြုပြန်သည်။ ကြော်ငြာကောင်းရုံ၊ ဝါဒဖြန့်ရုံဖြင့် လူများ၏ ဆန္ဒကို ဆွဲဆောင်၍ မရနိုင်တော့ပေ။ တကယ့်အရည်အချင်း စစ်မှန်ပြည့်ဝပြီး လူထုအကျိုးကို လုံးလုံးလျားလျား သယ်ပိုးလိုသူများကိုသာ မဲဆန္ဒရှင်များက ၎င်းတို့၏ ကိုယ်စားလှယ်အဖြစ် ရွေးကောက်လာကြသည်။ အပြောနှင့်အလုပ် မညီသူများ၊ ဖောက်ပြန်ပြီး ကိုယ်ကျိုးရှာသော နိုင်ငံရေးသမားများ၊ နိုင်ငံရေးပါတီများကို တစ်ချိန်ချိန်တွင် မဲဆန္ဒရှင်လူထုက Right of Recall အရ ပြန်လည်ဖြုတ်ချ ဖယ်ရှားလာသည်။ ယင်းသို့ဖြင့် ဒီမိုကရေစီပြည်သူ့အုပ်ချုပ်ရေးစနစ် ခိုင်မာစွာ ဖြစ်တည်လာလေ့ရှိကြောင်း သုံးသပ်တွေ့ရှိရပေမည်။

မြန်မာနိုင်ငံတွင် မကြာမီပြဋ္ဌာန်းကျင့်သုံးနိုင်တော့မည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဖော်ပြပါကမ္ဘာ့ဒီမိုကရေစီ ယေဘုယျ ဖြစ်စဉ်အပေါ် အခြေခံပြီး မြန်မာနိုင်ငံနှင့် အံဝင်ခွင်ကျဖြစ်အောင် ရေးဆွဲဖော်ဆောင်ထားခြင်းဖြစ်သည်။ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံ၏ ပညာရေး အုတ်မြစ်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ပျိုးထောင်မြှင့်တင်မှုနှင့် ဆက်စပ်ယှဉ်တွဲ ရေးဆွဲထားကြောင်း လေ့လာတွေ့ရှိရသည်။

ယနေ့မြန်မာနိုင်ငံတွင် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်အံ့ဟူသော ဆောင်ပုဒ်ဖြင့် နှစ် ၃၀ နှစ်ရှည် ပညာရေးစီမံကိန်းကို အကောင်အထည်ဖော်နေဆဲဖြစ်သည်။ အခြေခံပညာကို လူတိုင်းမလွဲမသွေ သင်ယူခွင့်ရရှိရေးအတွက် နိုင်ငံတစ်နံတစ်လျားတွင် နှစ်မိုင်ခွဲဧရိယာတိုင်း၌ အခြေခံပညာကျောင်းတစ်ကျောင်း တည်ဆောက် ဖွင့်လှစ်ပေးထားနိုင်ခဲ့သည်။ တစ်နိုင်ငံလုံး တိုင်းနှင့်ပြည်နယ်အနှံ့တွင် အထူးဖွံ့ဖြိုးရေးဒေသ ၂၄ခု သတ်မှတ်ပြီး ဒေသတိုင်း၌ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တစ်ခုစီ၊ နည်းပညာတက္ကသိုလ်တစ်ခုစီနှင့် ကွန်ပျူတာတက္ကသိုလ်တစ်ခုစီ တည်ထောင်ဖွင့်လှစ်ပေးထားသည်။

အဓိကရည်မှန်းချက်မှာ ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းဒေသကြီး(၇)ခုနှင့် ပြည်နယ် (၇)ခုတို့၌ ဖွဲ့စည်းတည်ရှိ**လာမည့်လွှတ်တော်အသီးသီး၊ အစိုးရအသီးသီးနှင့်တရားရုံးလွှတ်တော်အသီးသီးတို့၏ လုပ်ငန်းကိစ္စများတွင် ဒေသခံ အသိပညာရှင်၊အတတ်ပညာရှင်မျိုးဆက်သစ်လူငယ်လူရွယ်များကိုယ်တိုင်ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရန်အတွက် ဖြစ်ပေသည်။**

တစ်နည်းဆိုရလျှင် နိုင်ငံရေးသည် နိုင်ငံသားတိုင်း၏ အရေးဖြစ်သည်။ နိုင်ငံရေးတွင် နိုင်ငံသားတိုင်း အသိပညာ၊ အတတ်ပညာ စွမ်းအားဖြင့် ပါဝင်ဆောင်ရွက်နိုင်ခွင့် ရှိရမည်။ မိမိဒေသ၏ ဘက်စုံကဏ္ဍစုံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ဒေသခံတိုင်းရင်းသားများ ကိုယ်တိုင်ကိုယ်ကျ ပညာပြည့်ဝနှလုံးလှစွာ ပါဝင်ထမ်းဆောင်နိုင်ကြခြင်းဖြင့် ဒေသတိုင်း တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်မှန်းဖော်ဆောင်ထားခြင်းဖြစ်ကြောင်း အထူးဖော်ပြအသိပေးလိုပေသည်။

ရှေ့လာမည့် ၂၀၀၈ခုနှစ် မေလ ၁၀ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုမည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း၌ ပညာရေးနှင့်စပ်လျဉ်းပြီး အောက်ပါအတိုင်း အခြေခံမူများ ပြဋ္ဌာန်းထားပေသည်-

- **နိုင်ငံတော်သည် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အကျိုးကို ကူညီဆောင်ရွက်မည်။**
- **နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့်ကျန်းမာရေး တိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်ရမည်။ ပြည်သူများ၏ ပညာရေးနှင့်ကျန်းမာရေးတို့တွင်တိုင်းရင်းသားပြည်သူများပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်မည့် ဥပဒေပြဋ္ဌာန်းဆောင်ရွက်ရမည်။ အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်ဖော်ဆောင်ရမည်။ ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော် တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ် ဖော်ဆောင်ရမည်။**
- **နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမည်။**

ထို့အပြင် အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးရေး၊တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုဖွံ့ဖြိုးရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံမူများကိုလည်း ပြဋ္ဌာန်းထားကြောင်း လေ့လာတွေ့ရှိနိုင်သည်။

အဆိုပါပြဋ္ဌာန်းချက်များသည် ယနေ့နိုင်ငံတော်က ဖော်ဆောင်ပေးလျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် စာပေ၊ အနုပညာ အခြေခံကောင်းများ ပြည်ထောင်စုတစ်ဝန်းလုံး၌ အလျားလိုက် ကျယ်ကျယ်ပြန့်ပြန့် တည်ရှိနေမှုကို မဏ္ဍိုင်ပြုပြီး ဒေသအသီးသီးက ဒေါင်လိုက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားရေးကို ဦးစားပေး ရည်ရွယ်ထားပေသည်။

မြန်မာတို့၏ ပညာရေး၊ ယဉ်ကျေးမှု၊ စာပေ၊ ဗိသုကာ၊ အနုပညာ၊ ပန်းပညာအဆင့်အတန်း မြင့်မားမှုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသို့ ရှေးခေတ်ကာလများကပင် လာရောက်ခဲ့ကြသော နိုင်ငံခြားသားများက လေ့လာမှတ်တမ်းတင်ပြီး ချီးကျူးရေးသားလေ့ရှိကြောင်း သိရသည်။ ခရစ်နှစ် ၁၇၀၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည့် အီတလီနိုင်ငံ ဗင်းနစ်မြို့သား Nicolo Manucci က **“ မြန်မာနိုင်ငံဟူသည် ကလောင်တံဖြင့် အုပ်ချုပ်သောဘုရင့်နိုင်ငံတော် (A Kingdom Governed by the Pen) ဖြစ်သည်”** ဟု မှတ်ချက်ပြုရေးသားခဲ့ကြောင်း လေ့လာဖတ်ရှုခဲ့ဖူးသည်။

ယခုအခါ အနာဂတ်နိုင်ငံတော်ကို ကလောင်ဖြင့် အုပ်ချုပ်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ထူထောင်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကိုရေးဆွဲထားပြီး ဖြစ်ပေသည်။ အနာဂတ်မြန်မာနိုင်ငံတော်သည် ပညာတတ်နိုင်ငံတော်အဖြစ် မလွဲမသွေ ပေါ်ထွန်းလာပေတော့မည်။သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုနိုင်ရေးအတွက် ပညာဉာဏ်စွမ်းဖြင့် တစ်ခဲနက် ထောက်ခံဆန္ဒမဲပေးကာ ပညာကိုယ်စီ အရင်းတည်ကြပါစို့၊ ကလောင်တံမြှင့်၍ အောင်လံလွှင့်ကြပါစို့
ဟု တိုက်တွန်းအပ်ပေသည်။ ။

ယနေ့ မြန်မာနိုင်ငံတွင် ပညာရေးဖြင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်အံ့ဟူသော ဆောင်ပုဒ်ဖြင့် နှစ် ၃၀ နှစ်ရှည် ပညာရေးစီမံကိန်းကို အကောင်အထည်ဖော်နေဆဲဖြစ်သည်။အခြေခံပညာကို လူတိုင်းမလွဲမသွေ သင်ယူခွင့်ရရှိရေးအတွက် နိုင်ငံတစ်နံတစ်လျားတွင် နှစ်မိုင်ခွဲ ဧရိယာ တိုင်း၌ အခြေခံပညာ ကျောင်းတစ်ကျောင်း တည်ဆောက် ဖွင့်လှစ်ပေး။

တစ်နိုင်ငံလုံး တိုင်းနှင့်ပြည်နယ် အနှံ့တွင် အထူးဖွံ့ဖြိုးရေးဒေသ ၂၄ ခု သတ်မှတ်ပြီး ဒေသတိုင်း၌ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ် တစ်ခုစီ၊ နည်းပညာတက္ကသိုလ် တစ်ခုစီနှင့် ကွန်ပျူတာ တက္ကသိုလ်တစ်ခုစီ တည်ထောင်ဖွင့်လှစ်ပေး။

အဓိကရည်မှန်းချက်မှာ ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ တိုင်းဒေသကြီး(၇)ခုနှင့် ပြည်နယ် (၇)ခုတို့၌ ဖွဲ့စည်းတည်ရှိလာမည့် လွှတ်တော်အသီးသီး၊ အစိုးရအသီးသီးနှင့် တရားရုံး လွှတ်တော် အသီးသီးတို့၏ လုပ်ငန်းကိစ္စများတွင် ဒေသခံ အသိပညာရှင်၊ အတတ်ပညာရှင် မျိုးဆက်သစ် လူငယ်လူရွယ်များ ကိုယ်တိုင်ပါဝင်ဆောင်ရွက် ခွင့် ရရှိစေရန်အတွက်ဖြစ်။

● နိုင်ငံသစ်ဆီ ဒို့ဦးတည် အခြေခံဥပဒေ အတည်ပြုမည်။

အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဘတ်စကက်ဘောပြိုင်ပွဲ လယ်ယာ/ဆည်မြောင်းအသင်း လက်စွမ်းပြအနိုင်ရရှိ

အားကစားလှုပ်ရှားမှုမြင်ကွင်း - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၇

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကျင်းပရာ ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ် လူငယ်လေ့ကျင့်ရေး အားကစားကွင်း(၁) သုဝဏ္ဏသို့ ရောက်ရှိချိန်၌ အားပေးသံများ၊ ကစားသမားများ၏ အချင်းချင်း အချက်ပေး စကားသံများ ကြားရလေသည်။

သွက်သွက်လက်လက်

အားကစားခန်းမအတွင်း ရောက်ချိန်၌ ဘတ်စကက်ဘောကစားသမားများ သွက်သွက်လက်လက်ကစားနေကြသည်ကိုတွေ့ ရှိစူးစမ်းလိုက်ရာ ယူ-၂၀(ကျား)ပြိုင်ပွဲဝင် D.G.H အသင်းနှင့် သံလွင်အသင်းတို့ ယှဉ်ပြိုင်နေကြကြောင်း သိရသည်။

D.G.H အသင်းက အပေးအယူ၊ အချိတ်အဆက်မိမိဖြင့် တိုက်စစ်ဆင် ထိုးဖောက်ကစားရာ သံလွင်အသင်း ခံစစ်ပျက်ပြီး တစ်ဂိုးပြီး တစ်ဂိုးပေးနေရသည်။ ပထမပိုင်းပွဲချိန်အတွင်း အမှတ် ၂၀ခန့် ပြတ်နေသဖြင့် ဒုတိယပိုင်းပွဲချိန်၌ တစ်ဦးချင်းခံစစ်၊ တိုက်စစ်ထိန်းပြီး ကစားသွားရာ တစ်မှတ်ပြီး တစ်မှတ်ပြန်ရခဲ့ပြီး အမှတ်မပြတ်တော့ဘဲ D.G.H အသင်းကို ၆၇မှတ်-အမှတ် ၆၀ဖြင့် သံလွင်အသင်း ရှုံးနိမ့်သွားခဲ့ရသည်။

ပြတ်ပြတ်သားသား

ဒုတိယပွဲကား Dragon အသင်းနှင့် Diablo အသင်းတို့ ပွဲစဉ်ဖြစ်သည်။ Dragon အသင်းက ပွဲစသည်နှင့် တရစပ် ဂိုးသွင်းနိုင်ရေး ကြိုးစားပြီး မြန်နှုန်းမြင့် ထိုးဖောက်ကစားခဲ့မှုကြောင့် Diablo အသင်း မည်သို့မျှ မတတ်နိုင်ဘဲ တစ်ဂိုးပြီး တစ်ဂိုးပေးခဲ့ရရာမှ အမှတ်ပြတ်ကာ Dragon အသင်းက ၆၂မှတ်-၅မှတ်ဖြင့် ပြတ်ပြတ်သားသား အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး Flame နှင့်လယ်ယာ/ဆည်မြောင်းအသင်းတို့ ယှဉ်ပြိုင်ရာ လယ်ယာ/ဆည်မြောင်းအသင်း ကစားသမားများ စုစည်းညီညွတ်ပြီး အမှားအယွင်းကင်းကင်း ကစားနိုင်ခဲ့ရာ Flame အသင်းတစ်ဦးချင်းကပ်ခံစစ်၊ နေရာယူခံစစ်များ ထိထိရောက်ရောက် မလုပ်နိုင်ဘဲ ဂိုးများအသွင်းခံရပြီး အမှတ်များဆက်တိုက်ပေးခဲ့ရသဖြင့် လယ်ယာ/ဆည်မြောင်းအသင်းက ၇၂မှတ်-၂၆မှတ်ဖြင့် အနိုင်ရရှိသွားသည်။

တစ်ဦးချင်းစွမ်းရည်

ထို့နောက် Eargo နှင့် ရေဝတီအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ရာ Eargo အသင်းက တစ်ဦးချင်းခံစစ်ပိုကောင်းသလို ရေဝတီအသင်းက လျင်မြန်မှုနှင့် တန်ပြန်တိုက်စစ်တို့၌ ပိုသာသည်။ ရေဝတီအသင်း ကစားသမားများက ပြေးအားလည်းကောင်းပြီး ဂိုးသွင်းမှုလည်းသေချာရာ အလွတ်ဂိုးသွင်းခွင့်များမှ အမှတ်ရအောင်ယူသည်။ Eargo အသင်းက တစ်ဦးချင်းစွမ်းရည်ဖြင့် အဝေးမှ ပစ်သွင်းသောဂိုးများ လွဲချော်နေခဲ့သဖြင့် အမှတ်များ ထင်သလောက်မရခဲ့ချေ။

ရေဝတီအသင်းက တစ်ဦးချင်း ပြေးအားနှင့် အချင်းချင်းနားလည်မှုတို့ကြောင့် သွင်းဂိုးများ ဆက်တိုက်ရပြီး ၆၁မှတ်-၄၈ မှတ်ဖြင့်အနိုင်ရရှိသွားခဲ့သည်။

အနိုင်ရ

ဧပြီ၂၆ရက်က ယှဉ်ပြိုင်ကစားခဲ့သော ဘတ်စကက်ဘောပွဲစဉ်များတွင် ယူ ၂၀ (ကျား) ပြိုင်ပွဲများ၌ သံလွင်အသင်းနှင့် Diablo အသင်းတို့ ပွဲတွင် သံလွင်အသင်းက ၇၇ မှတ်-၁၀ မှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ထို့အတူ D.G.H နှင့် Dragon အသင်းတို့ ပွဲစဉ်၌ D.G.H အသင်းက ၅၉မှတ်-၃၉မှတ်ဖြင့် အနိုင်ရခဲ့သလို လယ်ယာ/ဆည်မြောင်းနှင့် ရေဝတီအသင်းတို့ပွဲ၌ လယ်ယာ/ဆည်မြောင်းအသင်းက အမှတ်၈၀-၄၄မှတ်ဖြင့် အမှတ်ပြတ် အနိုင်ရသွားခဲ့သည်။ Flame နှင့် Eargo အသင်း တို့ပွဲတွင် Eargo အသင်းက ၆၁မှတ်-၄၂မှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

လယ်ယာ/ဆည်မြောင်း

ဧပြီ ၂၆ရက်က ယှဉ်ပြိုင်ကစားခဲ့သော အလွတ်တန်း(ကျား) ဘတ်စကက်ဘောပြိုင်ပွဲ၌ KKS နှင့် Blue Boy အသင်းတို့ပွဲတွင် ဝါရင့်သမ္ဘာရင့် Blue Boy အသင်းက ၅၇မှတ်-၂၅မှတ်ဖြင့် အနိုင်ယူသွားခဲ့သလို လယ်ယာ/ဆည်မြောင်းနှင့် Lion အသင်းတို့ပွဲ၌ လယ်ယာ/ဆည်မြောင်း အသင်းက အမှတ်၆၀-၃၂ မှတ်ဖြင့် ပြတ်ပြတ်သားသား အနိုင်ရရှိခဲ့သည်။ တစ်ဖန် Cowboy နှင့် သံလွင်အသင်းတို့ပွဲ၌ လက်ရည်တူပြီး အကြိတ်အနယ်ရှိသည့်ပွဲဖြစ်ခဲ့ပြီး Cowboy အသင်းက ၆၂မှတ်-၆၀ ဖြင့်ကပ်ပြီး အနိုင်ယူသွားခဲ့သည်။

ဆက်လက်ကျင်းပမည်

ဧပြီ ၂၆ရက်က ယှဉ်ပြိုင်ခဲ့သော အလွတ်တန်း အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ၌ စက်မှု(၁) နှင့် လယ်ယာ/ဆည်မြောင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ လယ်ယာ/ ဆည်မြောင်းအသင်းက ၅၆မှတ်-၂၂မှတ်ဖြင့် ပြတ်သားစွာ အနိုင်ရရှိခဲ့သည်။ ဧပြီ ၂၈ရက် **(ယနေ့)**၌ အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲများကို ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

ထိုးဖောက်

လယ်ယာ/ဆည်မြောင်းအသင်းက Flame အသင်းဘက်သို့ ဤသို့ထိုးဖောက်ကစားခဲ့သည်။

(မြန်မာ့အလင်း)

မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲများ အကြိတ်အနယ်ယှဉ်ပြိုင် ရွှေဆိုင်းနှင့် ရန်ကြီးအောင် ရေကုန်ရေခန်း ထိုးသတ်

သတင်းမြင်ကွင်း - မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး

(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၇

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော စူပါကွေကာ ထိတ်ထိတ်ကြဲချန်ပီယံစိန်ခေါ်ပွဲကြီး အသည်းကောင်းလို့ ပွဲတောင်းသူများ ပွဲစဉ်(၃)လက်ဝှေ့ပြိုင်ပွဲများကို ဧပြီ ၂၇ရက် ညနေပိုင်းက အောင်ဆန်းအားကစားကွင်း မိုးလုံလေလုံ အားကစားခန်းမကြီး၌ ကျင်းပသည်။

အဓိကပြိုင်ပွဲ

ယင်းလက်ဝှေ့ပြိုင်ပွဲများတွင် ၂၀၀၆ ခုနှစ် မြန်မာပြည်ချန်ပီယံ ရွှေဆိုင်း (မြိုင်ကြီးငူ)နှင့် ၂၀၀၇ ရွှေခါးပတ်ချန်ပီယံ ရန်ကြီးအောင်(မြို့တော်စည်ပင်)တို့သည် အဓိကပြိုင်ပွဲကြီးအဖြစ် ငါးချီအပြည့် ထိုးသတ်သွားကြသည်။

ရွှေဆိုင်း (မြိုင်ကြီးငူ)က ဦးစွာ ကြိုးဝိုင်းအတွင်းသို့ ဝင်ရောက်လာသည်။ ရွှေဆိုင်းသည် အရပ်မြင့်မြင့်၊ ညိုညို တောင့်တောင့် ကြွက်သားအဖုအထစ်များ သူ့နေရာနှင့်သူရှိနေ၍ လက်ဝှေ့သမားပီသသည်။

အလုံးအရပ်တူ

မကြာမီ ရန်ကြီးအောင် ကြိုးဝိုင်းအတွင်းသို့ ဝင်ရောက်လာသည်။ ရန်ကြီးအောင်သည် ရွှေဆိုင်းကဲ့သို့ အလုံးအရပ်အတူတူပင်ဖြစ်သည်။ သို့သော် ရန်ကြီးအောင်က ပို၍ငယ်ပုံရသည်။

ပြိုင်ပွဲ စသည်ဆိုလျှင်ပင် ရန်ကြီးအောင်က ဘယ်ခြေပြညာခြေဖြင့် စကန်သည်။ ရွှေဆိုင်းသည် ဝါရင့်လက်ဝှေ့သမားပီပီ အကွက်ကောင်းကို စောင့်ထိုးရန် ကြိုးစားသည်။ ရန်ကြီးအောင် နောက်မှ တရစပ် လိုက်ထိုးသည်။ ရွှေဆိုင်းနောက်သို့ ခြေလှမ်းများ ဆုတ်ပြီး ကာကွယ်သည်။ ရန်ကြီးအောင်အနီးသို့ တရစပ် ကပ်ထိုးနေသဖြင့် ရွှေဆိုင်းခေါင်းကို ချုပ်ကိုင်ပေါက်သည်။

ရန်ကြီးအောင်(မြို့တော်စည်ပင်)၏ ဘယ်ဝိုက်လက်သီးကို ရွှေဆိုင်း(ဝဲ)က ဘယ်ဒူးပျံဖြင့် ဤသို့ကာကွယ်ခဲ့သည်။

(မြန်မာ့အလင်း)



ဒုတိယအချီ

ရန်ကြီးအောင် ခြေပျံ စကန်သည်။ ရွှေဆိုင်းအနီးသို့ ကပ်လာသော ရန်ကြီးအောင်အား ခေါင်းကိုချုပ်ပြီး ဒူးပျံတိုက်သည်။ ရန်ကြီးအောင် ဝိုက်လက်သီး၊ ထောက်လက်သီး၊ ပတ်တံတောင်တို့ဖြင့် ရွှေဆိုင်းကိုထိုးသည်။ ရွှေဆိုင်းက အနီးကပ်လာသော ရန်ကြီးအောင်အား ထိထိမိမိ အကွက်ကောင်းကို ထိအောင်ထိုးသည်။

တတိယအချီ

တတိယအချီတွင် ထိုးကွက်အရှိန်ရလာသဖြင့် ပွဲကြမ်းလာသည်။ ရွှေဆိုင်းက ရန်ကြီးအောင်ကို တရစပ်လိုက်ထိုးပြန်သည်။ ရန်ကြီးအောင်က ရွှေဆိုင်း၏ထိုးချက်များကို မနည်းကာကွယ်နေရသည်။ အနီးကပ်လာပြီး ဘယ်ညာဝိုက်လက်သီးများသုံးကာ အကြမ်းဝင်လာသော ရန်ကြီးအောင်ကို ချုပ်ကိုင်လိုက်သည်။

စတုတ္ထအချီ

စတုတ္ထအချီတွင် ဘတစ်ပြန် ကျားတစ်ပြန် ထိုးသတ်ကြသည်။ နှစ်ဦးစလုံး ကြိုးဝိုင်း အပြင်ဘက်သို့ ပြုတ်ကျလုနီးပါး သုံးလေးကြိမ် ဖြစ်ခဲ့သည်။ အနိုင်ရရှိရေး တစ်ဦးနှင့်တစ်ဦး ရေကုန်ရေခန်း ထိုးသတ်ကြသည်။ ရန်ကြီးအောင်က ဒူးပျံ၊ ခြေပျံများသုံးပြီး ရွှေဆိုင်း ခေါင်းနှင့်ခါးကို ဖြတ်ကန်သည်။ ရွှေဆိုင်းကလည်း ထောက်လက်သီး၊ ဝိုက်လက်သီးများဖြင့် အဆက်မပြတ်ထိုးသတ်သည်။

ပဉ္စမအချီ

နောက်ဆုံးအချီဖြစ်၍ အရှုံးအနိုင်အဖြေပေါ်ရန် အင်ပြည့်အားပြည့်၊ အားကုန်ထုတ် ထိုးသတ်ကြသည်။ နှစ်ဦးစလုံးပွဲအချီများလာပြီဖြစ်၍ မောဟိုက်လာသည်။ ထိုးကွက်၊ ထိုးချက်များလည်း အားပျော့လာသည်။ သို့သော်လည်း ရှိသမျှအားကုန်ဖြင့် ထိုးသတ်ကြသည်။ ပွဲချိန်သုံးမိနစ်ပြည့်သည်အထိ နှစ်ဦးစလုံး လက်ရည်တူ ဘတစ်ပြန် ကျားတစ်ပြန် ထိုးသတ်ရင်း သရေပွဲဖြင့် ပြီးဆုံးသွားသည်။

ပြိုင်ပွဲအပြီး ရွှေဆိုင်းက **"အနိုင်ထိုးနိုင်ဖို့ လေ့ကျင့်မှု နည်းနည်းလိုသွားကြောင်း၊ လာမည့်ပွဲများ ပိုကောင်းအောင် ထိုးနိုင်လိမ့်မည် ဖြစ်ကြောင်း"** မြန်မာ့အလင်းသို့ ပြောကြားသည်။

ထို့အတူ ရန်ကြီးအောင်လည်း **"သရေကျသော်လည်း ကျေနပ်မိကြောင်း၊ လာမည့်ပြိုင်ပွဲများအနိုင်ရရှိအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း"** မြန်မာ့အလင်းသို့ ပြောကြားသည်။

ငါးချီစိန်ခေါ်ပွဲများ

အခြားသော ငါးချီစိန်ခေါ်ပွဲများ အဖြစ် ပြည်နယ်နှင့်တိုင်းရွှေတံဆိပ်ဆုရ အမေ့သား (နှစ်ရှည်ဥယျာဉ်) နှင့် စိုးထက်ဦး (ရွှေလက်ရာ) တို့ပွဲသည်လည်း ပရိသတ်များ အကြိုက်တွေ့စေသည့် ပြိုင်ပွဲဖြစ်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် စိုးထက်ဦးက တတိယအချီ ၁ မိနစ် ၄၂ စက္ကန့်၌ အလဲထိုးအနိုင်ယူခဲ့သည်။ အမေ့သားသည် ထိုးကွက်ကောင်းသော်လည်း ဝဲလက်ဖျံကို စိုးထက်ဦးက အမိအရ ဖြတ်ကန်ခဲ့၍ အထိနာသွားပြီး ရှုံးနိမ့်ခဲ့ရသည်။

ဆက်လက်၍ ဖိုးကေ(မန္တလေး) နှင့် ပြည်နယ်နှင့်တိုင်း နှစ်ထပ်ကွမ်း ရွှေတံဆိပ်ရ ရွှေမင်းရာဇာ (နှစ်ရှည်ဥယျာဉ်) တို့ ထိုးသတ်ကြသည်။ ဖိုးကေသည် အရွယ်ငယ်ပြီး ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းသည်။ ပရိသတ်များ အားပေးခံရသော်လည်း ဘယ်ညာဝိုက်လက်သီးများဖြင့် ဖွင့်ထိုးတတ်သော ဖိုးကေသည် အတွေ့အကြုံ ရင့်ကျက်သော ရွှေမင်းရာဇာက ပထမအချီ ၂ မိနစ် ၈စက္ကန့်မှာပင် ချက်ကောင်း မေ့ကြောကို ထိုးလိုက်သဖြင့် ပွဲသိမ်းသွားသည်။

ရွှေသိန်းအောင် (နှစ်ရှည်ဥယျာဉ်) နှင့် ကျန်စစ်အောင် (အလင်းရောင်)တို့ ငါးချီအပြည့် ထိုးခဲ့ကြသော်လည်း သရေပွဲဖြစ်ခဲ့ရသည်။ ထို့အတူ စောနေအောင် (ရွှေလက်ရာ)နှင့် နဂါး(မြန်မာ့သွေးသစ်) တို့ ငါးချီပြိုင်ပွဲအဖြစ် အကြိတ်အနယ်ထိုးသတ်ခဲ့ရာ တတိယအချီ ၅၄ စက္ကန့်တွင် စောနေအောင်က နဂါးကို အလဲထိုးပြီး အနိုင်ရခဲ့သည်။

လေးချီပွဲများ

လေးချီပွဲများအဖြစ် ဖွဲ့မာန်(စဥ့်ကိုင်) နှင့် သိန်းညီညီ (အလင်းရောင်)တို့ ထိုးသတ်ကြရာ သိန်းညီညီက တတိယအချီတွင် အလဲထိုးပြီး အနိုင်ရခဲ့သည်။

ရွှေပအို့ (အလင်းရောင်)နှင့် ပုံ့လွှား (မြန်မာ့သွေးသစ်)တို့ ထိုးသတ်ကြရာ ရွှေပအို့က ဒုတိယအချီ ၁မိနစ် ၅၅စက္ကန့်တွင် အလဲထိုးပြီး အနိုင်ရခဲ့သည်။ ကျော်လုံး (ရက္ခပုလ)နှင့် စနေထွန်း(မြန်မာ့သွေးသစ်)တို့ ဆက်လက်ထိုးသတ်ကြရာ စနေထွန်းက ဒုတိယအချီတွင် အလဲထိုးပြီး အနိုင်ယူသည်။ ပအို့လေး(အလင်းရောင်) နှင့် စိုးဒေဝါ(အမရပူရ)တို့ ထိုးသတ်ခဲ့ရာ စိုးဒေဝါက ဒုတိယအချီတွင် အလဲထိုးခဲ့သည်။ ဟိန်းတိုက်အောင် (ရက္ခပုလ) နှင့် စိုးရာဇာမင်း (နှစ်ရှည်ဥယျာဉ်) တို့ ထိုးသတ်ကြရာ စိုးရာဇာမင်းက လက်ရည်မမျှသည့် ဟိန်းတိုက်အောင်ကို ပထမအချီတွင် အနိုင်ယူခဲ့သည်။ ။

(မြန်မာ့အလင်း)

28-4 (11).pmd 1 4/28/2008, 12:39 AM

တပ်မတော်အစိုးရလက်ထက် ၂၁၀ မြောက် တောက်ပြိုရေလှောင်တမံဖွင့် နေပြည်တော်ပျဉ်းမနားအတွင်း မိုးကောင်းသောက်လယ်မြေများ ရေသေချာသော ဆည်ရေသောက်အဖြစ် ပြောင်းလဲနိုင်တော့မည်

ကွင်းဆင်းလေ့လာမေးမြန်းသူ - ကျော်စိန် ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်) စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း

ရန်ကုန် ဧပြီ ၂၇

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရသည် စီးပွားရေးဦးတည်ချက်(၄)ရပ်အနက် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည့်အားလျော်စွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနအနေဖြင့် နိုင်ငံတော်၏ လမ်းညွှန်ချက်နှင့်အညီ ရေအရင်းအမြစ်များ ဖော်ထုတ်အသုံးပြုရန် နေပြည်တော်ပျဉ်းမနားအတွင်းရှိ တောက်ပြိုချောင်းပေါ်တွင် ရေလှောင်တမံတစ်ခုကို တည်ဆောက်ခဲ့သည်။

ဖွင့်လှစ်နိုင်

တောက်ပြိုရေလှောင်တမံကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၅)မှ

“ရေလှောင်တမံက ရေပေးတော့မှာမို့ မိုးတစ်သီး၊ နွေတစ်သီး နှစ်သီးစားလုပ်မှာပါ။”
ဦးကျော်ဝင်း(တောင်သူ)
မရမ်းခုံကျေးရွာ

တာဝန်ယူ၍ တောက်ပြိုချောင်းပေါ်တွင် ဆည်မြောင်းဌာနမှ မြန်မာအင်ဂျင်နီယာ ပညာရှင်များက ဦးဆောင်၍ သတ်မှတ်ထားသော ကာလအတွင်း ပြီးစီးအောင် တည်ဆောက်ကြရာ တပ်မတော်အစိုးရ လက်ထက်တွင် ၂၁၀မြောက် ဖွင့်လှစ်နိုင်ခဲ့ပေပြီ။

တာဝန်ပေး

တောက်ပြိုရေလှောင်တမံကို တည်ဆောက်ရေး(၅) ညွှန်ကြားရေးမှူး

လယ်မြေဧက ၃၀၀ အတွက် ရေထုတ်ပေးမည့် အလျား ၁၈၆ ပေ၊ အချင်း ၃ ပေရှိ ရေထုတ်ပြွန်နှင့် ရေမြောင်း။

ဦးမြင့်သန်းကြပ်မတ်၍ ဆောင်ရွက်ခဲ့သည့်အလျောက် မြန်မာ့အလင်းသတင်းအဖွဲ့သည် စီမံကိန်းတည်ရှိရာ တောက်ပြိုရေလှောင်တမံသို့ ကွင်းဆင်းသွားရောက်ပြီး ညွှန်ကြားရေးမှူး၏ တာဝန်ပေးအပ်ချက်ဖြင့် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဦးကျော်သူ၊ လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု) ဦးထွန်းအောင်နိုင်၊ ဦးစီးအရာရှိ ဦးဝင်းမြင့်ဦး၊ လက်ထောက် ဦးစီးဌာနမှူး ဦးမျိုးမင်းတို့အား လိုအပ်သော လုပ်ငန်းများကို ရှင်းလင်းပြသပေးရန် တာဝန်လွှဲအပ်ပေးသည်။

စတီးလ်ပိုင်များစိုက်

မြန်မာ့အလင်းသတင်းအဖွဲ့သည် တည်ဆောက်ရေး(၅)မှ လက်ထောက် ညွှန်ကြားရေးမှူး(စက်မှု)ဦးထွန်းအောင်နိုင်အား တွေ့ဆုံမေးမြန်းရာ“**တောက်ပြိုတမံကို၂၀၀၇ခုနှစ်**

“စက်ဘီးတစ်ဝက်၊ ခြေကျင်ကုန်းကြောင်းတစ်ဝက် သွားလာခဲ့ရသော ဒုက္ခမှ ကင်းဝေးခဲ့ရပါပြီ။”
ဒေါ်နွယ်နွယ်ဦး(ကျောင်းဆရာမ)
အလျှင်လိုကျေးရွာ
မူလတန်းကျောင်း

၁၁ လပိုင်း၌ လုပ်ငန်းစတင်ခဲ့ကြောင်း၊ ဧပြီ ၂၇ရက်တွင် တမံကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ တမံလုပ်ငန်းတွင် သပ်ကျင်း ၃၅ပေလောက် ရိုက်သွင်းထားကြောင်း၊ရေ

“တမံလုပ်ငန်းကို စက်ယန္တရား ၂၂ စီးဖြင့် နေ့ရောညပါ ဆောင်ရွက်ခဲ့ပါတယ်”
ဦးထွန်းအောင်နိုင်
လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု)
တည်ဆောက်ရေး(၅)

စိမ့်တားနံရံကို စတီးလ်ပိုင်များရိုက်၍ ရေစိမ့်မထွက်စေရအောင် လုပ်ထားကြောင်း၊ တမံလုပ်ငန်းကို စက်ယန္တရား ၂၂စီးဖြင့် နေ့ရောညပါ ဆက်တိုက်လုပ်ခဲ့ရကြောင်း၊ ရေတံခါးအစိတ်အပိုင်းများကို ပြည်ပမှာသာမကဘဲ ပြည်တွင်းတွင် ဆည်မြောင်းစက်မှုအလုပ်ရုံများ၌ မှာယူလုပ်ကိုင် တပ်ဆင်ခဲ့ကြောင်း၊ တမံတည်ဆောက်၍ပျက်သည့် စက်ယန္တရားကြီးများကို လုပ်ငန်းခွင်၌ပင် မိမိတို့ဝန်ထမ်းများက ပြင်ဆင်၍ လုပ်ကိုင်ကြကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင်ဌာနကသတ်မှတ်

သော စံချိန်စံညွှန်းအတိုင်း လုပ်ကိုင်ကြကြောင်း၊တောက်ပြိုရေလှောင်တမံကိုခြောက်လနှင့်အပြီး စံချိန်စံညွှန်းအရ ပြီးစီးအောင် လုပ်ကိုင်နိုင်ကြောင်း” ဖြင့် ရှင်းပြသည်။

ပွင့်လင်းရာသီ

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဦးကျော်သူက ရှင်းလင်းပြသရာတွင် “**တောက်ပြိုရေလှောင်တမံကို တည်ဆောက်ရေး(၅)က တာဝန်ယူတည်ဆောက်ခဲ့ကြောင်း၊ စက်မှုနှင့်မြို့ပြ အတွဲညီညီဖြင့် ပွင့်လင်းရာသီ ခြောက်လအတွင်း ပြီးစီးအောင် ဆောင်ရွက်ခဲ့ကြောင်း၊စက်မှုနှင့်မြို့ပြ ဝန်ထမ်း၂၀နှင့် ပန်းရန်လုပ်သား စုစုပေါင်း ၃၀၀ ကျော်ဖြင့် နေ့ရောညပါ ဆောင်ရွက်ခဲ့**

“ဒေသဖွံ့ဖြိုးတိုးတက်လာပြီး သားစဉ်မြေးဆက် အကျိုးရှိတော့မှာမို့ နိုင်ငံတော်အစိုးရကို အထူးကျေးဇူး တင်ပါတယ်။”
ဦးမြင့်သိန်း
(တောင်သူ)မရမ်းခုံကျေးရွာ

ကြောင်း၊ ရေစိမ့်မှု လျော့နည်းစေရန် သံမဏိပြားများ ရိုက်သွင်းခဲ့သည့်အပြင် အလျား ပေ ၅၂၀၊ ထု ၅ပေရှိတဲ့ ရေစိမ့်တားလွှာကို တမံရှေ့ဘက်တွင် ရိုက်သွင်း တည်ဆောက်ခဲ့ကြောင်း” ဖြင့် ရှင်းပြသည်။

ငှင်းနောက်ရေလှောင်တမံသို့လာရောက်ကြည့်ရှုလေ့လာကြသော ဒေသခံအချို့နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ မရမ်းခုံ ကျေးရွာနေ တောင်သူကြီး ဦးကျော်ဝင်းက “**မိဘ၊ ဘိုးဘွားတွေဟာ လယ်သမားဖြစ်လို့ သားသမီးဖြစ်တဲ့ ကျွန်တော်တို့လဲ လယ်ယာစိုက်ပျိုးခြင်းနဲ့ အသက်မွေးဝမ်းကြောင်းပြုပါတယ်။ မိုးတွင်းမှာစပါးစိုက်ပြီးနွေအခါမှာတော့ မတ်ပဲကြဲပြီး စိုက်ပါတယ်။ အသက်(၅၈)နှစ်ရှိပြီး လယ် ငါးဧက လုပ်ပါတယ်။ ရေလှောင်တမံကရေပေးတော့မှာမို့ နွေစပါးထပ်စိုက်ပါမယ်။ မိုးတစ်သီး၊ နွေတစ်သီး နှစ်သီးစားလုပ်မှာပါ။ တပ်မတော်အစိုးရက လမ်းတွေဖောက်၊ တံတားတွေဆောက်ပေးလို့ ဒေသဖွံ့ဖြိုးမှုတွေ ဖြစ်နေပါတယ်။**

“စက်မှုနှင့်မြို့ပြ အတွဲညီညီနဲ့ ပွင့်လင်းရာသီ ခြောက်လအတွင်း အပြီး တည်ဆောက်ခဲ့ပါတယ်။”
ဦးကျော်သူ
လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)
တည်ဆောက်ရေး(၅)

အရင်က ချောင်းကိုဖြတ်ပြီး သွားရလို့ အခက်အခဲ ရှိခဲ့ပါတယ်။ အခုတော့ ဆည်ဆောက်ဖို့၊ တံတားတွေဆောက်၊ လမ်းတွေဖောက်တာကြောင့် သွားလာရေး အဆင်ပြေပြီး ကျေးရွာတွေပါ သာယာဖွံ့ဖြိုးတိုးတက်လာတာပေါ့”ဟု မြန်မာ့အလင်းသို့ ရယ်ရယ်မောမော ပြောပြသည်။

ဆက်လက်၍ မရမ်းခုံကျေးရွာမှ အသက်(၄၄)နှစ်ရှိသော တောင်သူဦးမြင့်သိန်းအားတွေ့ဆုံမေးမြန်းရာတွင်“**မိုးအခါစပါးစိုက်ပြီး နွေအခါရေမရ၍ မတ်ပဲကြဲကြောင်း၊ မိုးစပါးကလည်း ချောင်းရေကိုအားကိုးစိုက်ရခြင်းဖြစ်ကြောင်း၊ရေလှောင်တမံမှရေရလျှင် မိုးစပါး၊ နွေစပါး၊ မတ်ပဲစသည့် သုံးသီးစိုက်နိုင်တော့မည် ဖြစ်ကြောင်း၊ ယခင်ကာလက ရေအခက်အခဲရှိလို့သောက်သုံးရေပါရှားပါးခဲ့ရကြောင်း၊ ယခုမူ သောက်သုံးရေအတွက် ပူပင်စရာမလိုတော့၍ ဝမ်းမြောက်ရပါကြောင်း၊ လမ်းတွေဖောက်ပေး၍ သားသမီးများ၏ ပညာရေး၊လယ်ထွက်ကုန်များ ရောင်းဝယ်ဖောက်ကားရေးလွယ်ကူလာပြီးဒေသဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ပါကြောင်း၊ သားစဉ်မြေးဆက်အကျိုးရှိတော့မှာမို့ နိုင်ငံတော်အစိုးရကိုအထူးကျေးဇူးတင်ရှိပါကြောင်း”** ပြောကြားသွားသည်။

ငှင်းနောက် မရမ်းခုံကျေးရွာမှ အလယ်တန်းပြကျောင်းဆရာမဒေါ်နွယ်နွယ်ဦးအား တွေ့ဆုံမေးမြန်းရာ “**အလျှင်လိုကျေးရွာမူလတန်းကျောင်းတွင် ကျောင်းဆရာမ တာဝန်ထမ်းဆောင်ပါကြောင်း၊ တပ်မတော်အစိုးရ၏ ကျေးဇူးကြောင့် ဆည်များအတွက် လမ်းဖောက်ပေး၍ သွားလာရေး အလွန်လွယ်ကူအဆင်ပြေနေပါကြောင်း၊ ယခင်က စက်ဘီးတစ်ဝက်၊ ခြေကျင်ကုန်းကြောင်းတစ်ဝက်သွားလာခဲ့ရသောဒုက္ခမှကင်းဝေးရပါ၍ တပ်မတော်အစိုးရကိုအထူးကျေးဇူးတင်ရှိပါကြောင်း”** ဟု ပြောကြားသည်။

နိုင်ငံတော်အနေဖြင့် ငွေကြေးအကုန်အကျခံ၍ တောက်ပြိုရေလှောင်တမံကို တည်ဆောက်အကောင်အထည်ဖော်ပေးခြင်းအားဖြင့် နေပြည်တော် ပျဉ်းမနားအတွင်း မိုးကောင်းသောက်လယ်မြေများသည် ရေသေချာသော ဆည်ရေသောက် အဖြစ်ပြောင်းလဲ ဆောင်ရွက်သွားနိုင်တော့မည်ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

တမံတည်ဆောက်၍ ပျက်သည့်စက်ယန္တရားကြီးများ လုပ်ငန်းခွင်၌ပင်ပြင်ဆင်။
ဦးထွန်းအောင်နိုင်

အလျား ပေ ၅၂၀၊ ထု ၅ ပေရှိတဲ့ ရေစိမ့်တားလွှာကို တမံရှေ့ဘက်တွင် ရိုက်သွင်းတည်ဆောက်ခဲ့။
ဦးကျော်သူ

စက်ဘီးတစ်ဝက်၊ ခြေကျင်ကုန်းကြောင်းတစ်ဝက် သွားလာခဲ့ရသောဒုက္ခမှ ကင်းဝေးရပါ၍ တပ်မတော်အစိုးရကို အထူးကျေးဇူးတင်။
ဒေါ်နွယ်နွယ်ဦး

နေပြည်တော် ပျဉ်းမနား အနောက်မြောက်ဘက် ၂၁ မိုင်ခန့်အကွာ တောက်ပြိုချောင်းကိုပိတ်၍ တည်ဆောက်ထားသော အမြင့် ၅၇ ပေ၊ အလျားပေ ၁၄၀၀ရှိ ‘တောက်ပြို’ ရေလှောင်တမံနှင့် ရေထိန်းမျှော်စင်တို့ကို ဤသို့တွေ့ရသည်။
(မြန်မာ့အလင်း)

နေပြည်တော်အတွင်း ၂၇ခုမြောက် တောက်ပြိုရေလှောင်တမံဖွင့် နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်၍ လူမှုစီးပွားဘဝမြင့်မားလာတော့မည်

နေပြည်တော် ဧပြီ ၂၇

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယနေ့ နံနက် ၉နာရီခွဲတွင် နေပြည်တော် ပျဉ်းမနားအနောက်မြောက်ဘက် ၂၁မိုင်ခန့်အကွာ တောင်ညို ကျေးရွာအုပ်စုရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)က တာဝန်ယူတည်ဆောက်ခဲ့သော တောက်ပြိုရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် နေပြည်တော်တိုင်း အတွင်း၌ လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် ရေအားလျှပ်စစ် ရရှိရေး အတွက် ဆည်မြောင်းစီမံကိန်းများအား စနစ်တကျစီမံဆောင်ရွက်ပေးမှုများအတွက် နွေစပါး ကို တိုးချဲ့စိုက်ပျိုးနိုင်တော့မည်ဖြစ်သဖြင့် တောင်သူလယ်သမားတစ်ဦးချင်းဝင်ငွေ တိုးတက် လာပြီး လူနေမှုအဆင့်အတန်းများ မြင့်မားလာကာ ကျေးလက်သာမက မြို့ပြအပါအဝင် နိုင်ငံအဝန်း ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ ရေလှောင်တမံများ၊ ရေလွှဲဆည်များနှင့် ဆက်စပ်လျက်ရှိသည့် ရေပေးမြောင်းများ၊ ရေရှည်တည်တံ့ခိုင်မြဲအောင်၊ ပူးပေါင်းကာကွယ် စောင့်ရှောက်ကြရန်လိုကြောင်း၊ ရေဝေရေလဲဧရိယာရှိ သစ်တော၊ သစ်ပင်များ၊ ထာဝရ စိမ်းလန်းစိုပြည်ရန် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန်နှင့် ဆည်မြောင်းတာတမံ တူးမြောင်း၊ ဥပဒေများကိုလည်း လိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က အမှာစကား ပြောကြားသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ဆက်လက်၍ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က

ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

(အပေါ်ပုံ)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် တိုင်းမှူးနှင့် ဒုတိယ ဝန်ကြီးတို့သည် တောက်ပြို ရေလှောင် တမံအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အခမ်းအနား တက်ရောက်လာကြသူများနှင့် အတူ မင်္ဂလာမုခ်ဦးရှေ့တွင် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူး၊ ဒုတိယဝန်ကြီး နှင့် အခမ်းအနားသို့ တက်ရောက်လာကြ သူများသည် တောက်ပြိုရေလှောင်တမံအား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

တည်ဆောက်ထား

ယခု ဖွင့်လှစ်လိုက်သော တောက်ပြို ရေလှောင်တမံသည် နိုင်ငံတော်၏ ၂၁၀ခု မြောက် ရေလှောင်တမံဖြစ်၍ နေပြည်တော် အတွင်း၌ ၂၇ ခုမြောက် ရေလှောင်တမံ ဖြစ်ပြီး နေပြည်တော် ပျဉ်းမနား တောက်ပြို ချောင်းပေါ်တွင် တည်ဆောက်ထားသည့် မြေသားတမံဖြစ်ကာ တမံအမြင့် ၅၇ ပေ၊ တမံအလျား ပေ ၁၄၀၀ ရှိသည်။ ၂၀၀၈ ခုနှစ် မိုးရာသီမှစတင်၍ ရေသိုလှောင်နိုင် မည်ဖြစ်ပြီး ရေသိုလှောင်နိုင်မည့် ဧကပေ ၂၅၀၀ ရှိသည်။ ရေထုတ်မြောင်းသည် သံကူ ကွန်ကရစ် အမျိုးအစားဖြစ်ကာ အလျား ၁၈၆ ပေ၊ အချင်း ၃ပေ သံကူကွန်ကရစ်ပိုက် တစ်လုံးပါရှိသည်။ ရေပိုလွှဲမှာ အလျား ၇၅၃ ပေ၊ အကျယ် ၁၅ပေရှိပြီး ဆည်ရေပေး နိုင်မည့် လယ်မြေဧကမှာ ဧက ၃၀၀ ဖြစ် ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာအလင်း **အင်တာနက်ကျန်းမာရေး**

ကညွတ်စားခြင်းဖြင့် နှလုံးရောဂါကာကွယ်နိုင်



ကညွတ်ကို အာရှနိုင်ငံအများအပြား၌ တွေ့ရသည်။ အစိမ်းရောင်ရှိပြီး ဖန်သောအရသာအပြင် အနည်းငယ်ချိုသော အရသာလည်းရှိသည်။ တရုတ်လူမျိုးတို့ စားသုံးမှုများကြပြီး အရှေ့တောင်အာရှနိုင်ငံများ၌လည်း စားသုံးမှုတွင်ကျယ်သည်။

ပေါင်းစပ်ပါဝင်

ကညွတ်တွင် ပါဝင်သောဓာတ်များမှာ ဗီတာမင်ကေ၊ ဗီတာမင်ဘီ၊ ဗီတာမင်စီ၊ ဗီတာမင်အေ၊ ဗီတာမင် ဘီ-၁၊ ဗီတာမင် ဘီ-၂၊ ဗီတာမင်ဘီ-၃ နှင့် ဗီတာမင် ဘီ-၆ တို့ ပါဝင်သည်။ ထို့အပြင် အမျှင်ဓာတ်၊ မင်္ဂနီးစ်၊ ကော့ပါး၊ ဖော့စပရပ်စ်၊ ပိုတက်ဆီယမ်နှင့် ပရိုတိန်းဓာတ်များလည်း ပေါင်းစပ်ပါဝင်လျက်ရှိသည်။

သွေးတိုးကျဆင်းနိုင်

ကညွတ်ကို စားသုံးခြင်းဖြင့် သွေးတိုးကျဆင်းနိုင်သည့်အပြင် အစာ ချေဖျက်မှုကို အထောက်အကူပြုစေသည်။ သွေးလည်ပတ်မှုကို အားကောင်းစေသဖြင့် သွေးကြော ပိတ်ဆို့မှုများ လျော့ကျစေနိုင်သည်။

တစ်ဖန် ကညွတ်ကို သီတင်းတစ်ပတ်လျှင် နှစ်ကြိမ်ခန့် ပုံမှန်စားသုံးသူ ၁၀၀၀ တို့အား သုံးနှစ်ကြာ သုတေသနပြုခဲ့ရာ နှလုံးရောဂါဖြစ်ပွားမှု မရှိကြကြောင်း တွေ့ရှိရ သည်ဟု အမေရိကန်သုတေသနပညာရှင်များ ပြောကြားသည်။

သဲအင်းဂူ ခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂၇

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် အမှတ်(၄)ဝိုင်း ဓမ္မ ရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်း တွင် ကျေးဇူးတော်ရှင် မူလသဲအင်းဂူဆရာ တော်ကြီး၏တပည့်ဖြစ်သောအရှင်ပဏ္ဍိဝံသ (မိဂလုံ) ဆရာတော်က ခန္ဓာကိုယ်တွေ့ သမထ ဝိပဿနာ တရားတော်များကို မေ၃ရက်မှ ၁၀ရက်အထိ အဓိဋ္ဌာန်ခုနစ်ရက် တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်သူများအား အကျိုး တော်ဆောင်အဖွဲ့မှ အခမဲ့အာဟာရဒါန ကျွေးမွေး လှူဒါန်းမည်ဖြစ်ရာ တရားစခန်း ဝင်လိုသူများ မေ ၂ရက် ညနေအရောက် လာကြရန် နိုးဆော်ထားသည်။ (က-ပ)

သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ၊ အပြစ်မဲ့ပြည်သူတစ်ဦးသေဆုံး

နေပြည်တော် ဧပြီ ၂၇

မွန်ပြည်နယ် ရေးမြို့နယ် ဟံဂံကျေးရွာ မှ ဦးသန်းထွန်းလင်း အသက်(၄၀)သည် ဧပြီ၂၅ရက် မွန်းလွဲ ၁ နာရီခန့်တွင် ထင်းသယ်ယူရန်အတွက် ပဒေါင်းတောင် တစ်ဝိုက်သို့ သွားရောက်စဉ် ပဒေါင်းတောင်အရှေ့ဘက် ကိုက် ၁၅၀၀ ခန့်အကွာသို့ အရောက်၌ သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် တိုက်မိုင်းတစ်လုံးကို တိုက်မိပြီး ဦးသန်းထွန်းလင်းမှာ မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့သည်။

သေဆုံး

မိုင်းထိဒဏ်ရာရရှိခဲ့သည့် ဦးသန်းထွန်းလင်းအား တာဝန်ရှိသူများက ဆေးကုသ ရန်အတွက် ပို့ဆောင်ကြစဉ် မွန်းလွဲ ၂နာရီခန့်တွင် ဟံဂံကျေးရွာ၌ပင် မိုင်းထိဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။

လိုက်လံရှင်းလင်း

အဆိုပါဖြစ်စဉ်ကို သိလျှင်သိချင်း နယ်မြေခံတပ်မတော်စစ်ကြောင်းများက အဆိုပါ ကျေးရွာသို့ သွားရောက်၍ လိုအပ်သောပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးပြီး သောင်းကျန်းသူ အဖျက်သမားများနောက်သို့ လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပန်းလှိုင်အိမ်ရာ နဝမအကြိမ် သက်ကြီးပူဇော်

ရန်ကုန် ဧပြီ ၂၇

ရန်ကုန်တိုင်း ကြည့်မြင်တိုင် မြို့နယ် ပန်းလှိုင်အိမ်ရာ ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ကြီးမှူး၍ ပန်းလှိုင်အိမ်ရာ မိသားစုများ၏ နဝမအကြိမ် သက်ကြီးပူဇော်ပွဲကို ၁၃၇၀ပြည့်နှစ် တန်ခူးလပြည့်နေ့ (ဧပြီ ၂၀ရက်) တနင်္ဂနွေနေ့ကပြုလုပ်ရာ အသက် ၇၅နှစ်အထက် အဘိုး အဘွား ၈၀ တို့အား ဂါရဝပြု အလှူငွေနှင့် ပစ္စည်း များဖြင့် ပူဇော်ကန်တော့ကြကြောင်း သိရသည်။ (က-ပ)

သင့်သွေးဖြင့် အသက်ကယ်ပါ



လေလံတင်ရောင်းချရန်ကြော်ငြာ

မြန်မာ့သစ်လုပ်ငန်း၊ အင်ဂျင်နီယာဌာန ကော်စက်ရုံ(ဝါးတရာ)ရှိ အောက်ဖော်ပြပါပစ္စည်းများကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင် ရောင်းချ မည်ဖြစ်ပါသည်။

(က) **လေလံတင်ရောင်းချမည့်ပစ္စည်းများ**
ဖော်မလင်ပုံးခွံဟောင်း(ပလတ်စတစ်များ)

(ခ) **လေလံတင်ရောင်းချမည့်နေရာ**
ကော်စက်ရုံ(ဝါးတရာ)
သစ်အခြေခံစက်မှုနယ်မြေ၊ ရွှေပြည်သာမြို့နယ်

(ဂ) **လေလံတင်ရောင်းချမည့်ရက်**
၉-၅-၂၀၀၈ ရက်
နံနက် ၁၀ နာရီ မိနစ် ၃၀

(ဃ) **လေလံလျှောက်လွှာ ဝယ်ယူနိုင်သည့်နေရာ**
ကော်စက်ရုံ(ဝါးတရာ)

(င) **လေလံလျှောက်လွှာ စတင်ရောင်းချမည့်ရက်**
၂၈-၄-၂၀၀၈ ရက်

(စ) **လေလံလျှောက်လွှာပိတ်မည့်ရက်**
၈-၅-၂၀၀၈ ရက်

လေလံဝယ်ယူခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၂၀၀၀ ဖြင့် ဝယ်ယူ၍ သတ်မှတ်ရက်ရုံးချိန်အတွင်း တင်သွင်းနိုင်ပါသည်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံးကိုဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀
ရန်ကုန်အနောက်ပိုင်းခရိုင် ဒုတိယခရိုင်တရားသူကြီး(၃)ရုံးတော်၌
၂၀၀၇ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၃

ဦးအောင်ကိုကို နှင့် ဦးမြင့်ခိုင်
တရားလို တရားပြိုင်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ဗားဂရာလမ်း၊ အမှတ် ၁၃၅ နေ ဦးမြင့်ခိုင်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ ဦးအောင်ကိုကိုက အချင်းဖြစ်တိုက်ခန်းအား တရားလို ဝယ်ယူ ပိုင်ဆိုင်ကြောင်း မြွက်ဖော် ဒီကရီရလိုကြောင်း လျှောက်ထားစွဲဆို ချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၈ ခုနှစ်၊ မေလ ၅ရက် (၁၃၇၀ ပြည့်နှစ် ကဆုန်လဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည် ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက် ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့် ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၈ ခုနှစ် ဧပြီ ၂၃ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကျော်ဆွေ
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။



မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ စီးပွားရေးဖွံ့ဖြိုးမှုဇုန် (၃၄)ရပ်ကွက်တိုးချဲ့၊ ဦးဝိစာရလမ်း၊ အမှတ် D_1နေ ဦးသိန်းအေး- ဒေါ်စန်းကြည် (သံဆန်ခါစက်ရုံပိုင်ရှင်) တို့၏သားထွေး

မောင်သန်းနောင်အေး B.A (Myanmar)

Formica works & Construction Material Sales

နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာနေ (ဦးသိန်းမြင့်၊ အောင်ဗမာဆန်စက်)- ဒေါ်လှလှ(ဦးစီးအရာရှိ စီမံ၊ စာရင်းအင်းဦးစီးဌာန- ငြိမ်း၊ ဝေဖြိုးဆန်ပွဲရုံ)တို့၏တစ်ဦးတည်းသော သမီး

မစုလတ်မြင့် BBA (Y.I.E)

Hnin Hnin Khine Co., Ltd.

တို့၏ ၉-၂-၂၀၀၈ရက်တွင် Nikko Hotel ၌ ကျင်းပပြီးစီးခဲ့သော စေ့စပ်မင်္ဂလာညည့်ခံပွဲအားလည်းကောင်း၊ ၉-၄-၂၀၀၈ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဦးဟန်ရှိန်အားလည်းကောင်း၊ ၂၀-၄-၂၀၀၈ရက်တွင် Traders Hotel (Myanmar Ballroom)၌ကျင်းပပြီးစီးခဲ့သော မင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)မြန်မာနိုင်ငံ စိုက်/မွေး/သစ်တောပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်သိန်းနှင့်ဇနီး ဒေါ်တင်တင်နုအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ခရိုင်ဥပဒေအရာရှိ ဦးတင်မောင်ဦးနှင့်ဇနီး ဒေါ်ဆိုင်းရင်အား လည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်အားလည်းကောင်း၊ မိတ်ကပ်ဆံပင်အလှ ဖန်တီးရှင်မေသန်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ သီတဂူ(ဗိုလ်ချုပ်ဈေး)၊ တေးဂီတ The Aces အဖွဲ့၊ ပန်းအလှပြင် Eternal Floral ၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးသော Peter နှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မနန်းနီလာထွန်း၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးသော ဒေါက်တာမေသန္တာဦး၊ သတို့သားအရံမောင်စိုင်းထွန်းဦး၊မောင်စောရန်နောင်၊ သတို့သမီးအရံ မမျိုးကေသီဦး၊ မချောကေခိုင်တို့အားလည်းကောင်း၊ Nikko Hotelနှင့် Traders Hotel မှမန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၁-၄-၂၀၀၈ရက်တွင် ဧမိုင်၊ ရွှေဘဲစားတော်ဆက်ခန်းမ၌ ကျင်းပခဲ့သော မင်္ဂလာညစာစားပွဲသို့လည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သန်းနောင်အေး-မစုလတ်မြင့်။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မင်္ဂလာဦးကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ (ဦးမျိုးဝင်း)-ဒေါ်စမ်းစမ်းမြင့် (အိုး/အိမ်ဦးစီးဌာန)တို့၏သား

မောင်သက်မင်းမျိုးလှ

Assistant Q.C Engineers Richport Technology Ltd, Singapore

နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ ဦးအောင်သိန်း [ဦးစီး (တ)၊ ခန့်မှန်းသုတေသနဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန၊ငြိမ်း]-ဒေါ်ခင်သန်းမြင့်တို့၏သမီး

မတိုးတိုးအောင်

B.Sc (Hons),M.Sc,Ph.D (Thesis) Chemistry
Assistant Chemical Engineer,
Richport Technology Ltd, Singapore

တို့၏ ၂၁-၄-၂၀၀၈ရက်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်မြို့ တရားရုံးချုပ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စုငယ်အားလည်းကောင်း၊ ၂၇-၄-၂၀၀၈ရက်၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော နှစ်ဖက်သော ဆွေမျိုး မိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးများအားလည်းကောင်း ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သက်မင်းမျိုးလှ-မတိုးတိုးအောင်။

လက်ထပ်မင်္ဂလာဆုမွန်လွှာ

အစ်ကိုကြီး **ကိုသန်းစိုး** B.Sc(Physics) (Chairman, TZK Co.,Ltd.) နှင့် **မယုယုနွယ်** B.I.T-Charles Sturt University (Australia) တို့၏ ၂၇-၄-၂၀၀၈ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ Traders Hotel ၌ကျင်းပသော မင်္ဂလာရက်မြတ်မှသည် ငွေရတု၊ ရွှေရတု၊ စိန်ရတုရတုများစွာကိုကျော်လွန်၍ သက်ဆုံးတိုင် အေးချမ်းသာယာပျော်ရွှင်ဖွယ် ပေါင်းဖက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်....

TZK Co.,Ltd. နှင့် Tiger Shark Co.,Ltd.(YGN) မှ
General Manager, Sales Manager
Account Dept., Sales Dept., မှဝန်ထမ်းများ။

လက်ထပ်မင်္ဂလာဆုမွန်လွှာ

အစ်ကိုကြီး **ကိုသန်းစိုး** B.Sc(Physics) (Chairman, TZK Co.,Ltd.) နှင့် **မယုယုနွယ်** B.I.T-Charles Sturt University (Australia) တို့၏ ၂၇-၄-၂၀၀၈ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ Traders Hotel ၌ကျင်းပသော မင်္ဂလာရက်မြတ်မှသည် ချမ်းမြေ့သာယာဖွယ် ချစ်ခရီးလမ်းမှာ မေတ္တာပန်းများ အနှစ်တစ်ရာပွင့်လန်းပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်........

TZK Co.,Ltd. နှင့် Tiger Shark Co.,Ltd.(MDY) မှ
General Manager, Sales Manager
Account Dept., Sales Dept., မှဝန်ထမ်းများ။



နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်ခိုင်လတ်ကျော်** ၉/အမဇ(နိုင်) ၀၀၀၈၄၄နှင့် ကျွန်မ **မနွေးနွေးနေခြည်သော်(ခ)ငယ်လေး** ၁၂/သကတ(နိုင်)၁၅၈၂၆၀တို့သည် ၁၁-၄-၂၀၀၈ရက်တွင် ပြင်ဦးလွင်မြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

မောင်ခိုင်လတ်ကျော်-မနွေးနွေးနေခြည်သော်(ခ)ငယ်လေး။



မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ပြည့်နှစ်
ဦးတန်ခူးလပြည့်ကျော်၈ရက်
(ဥပုသ်နေ့)
၂၈-၄-၂၀၀၈ရက် (တနင်္လာနေ့)
နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၅၀ ၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (မြန်မာ့လက်မှုအနုပညာ စဉ့်ထည်လုပ်ငန်း)
- ၈:၁၅ ၅။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၃၀ ၆။ International News.
- ၉:၀၀ ၇။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၀၅ ၂။ မြန်မာ့ရိုးရာတောလေ့ ကျေးလက်တေးသံများ
- ၄:၃၀။ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၄:၄၅ ၄။ တံငါတံတား
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
- ၅:၁၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၃၀ ၇။ "လူကူးမျဉ်းကျားမှ ကူးမယ်"
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၀။ အလှရှာမယ် လှကမ္ဘာဝယ်
- ၆:၅၅ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တယ်..ချစ်တယ်** (အပိုင်း-၁၆)
- ၇:၄၀ ၁၂။ စိတ်အားထက်သန် ဆန္ဒအမှန်
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ 'ရှိတာကပိုကောင်းပါတယ်'
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာမျဉ်းပြိုင်** (အပိုင်း-၂၀) (ဇာတ်သိမ်း)
- ၁၈။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၁၉။ အစီအစဉ်ပြီး၏။



28-4 (14).pmd 1 4/28/2008, 12:39 AM

ဖူးမြော်ခဲ့ရ ကျောက်ဆည်မြို့နယ် မဟာရွှေသိမ်တော်ဘုရား

သတင်းဆောင်းပါး - မြတ်မင်းလှိုင်
စာမျက်နှာပွဲ့စည်းမှု - ထိန်လင်း

ဝန်ထမ်းဘဝမှ သက်ပြည့် အငြိမ်းစားယူခဲ့ကြပြီးဖြစ်တဲ့ ကျွန်တော်နှင့် လုပ်ဖော်ကိုင်ဖက် အစ်ကိုကြီးဦးကြင်မောင်တို့နှစ်ဦး ဖေဖော်ဝါရီ နောက်ဆုံးပတ်တွင် ဘုရားဖူးထွက်ကြသည်။ မကွေး၊ ပခုက္ကူမြို့ရှိ အထင်ကရ ဘုရားစေတီပုထိုးများကို ကြည်နူးသဒ္ဓါပြည့်ဖြင့် ဖူးခဲ့ကြသည်။ မန္တလေးသို့ ခရီးဆက်ခဲ့ကြသည်။ မတ်လ ၂ရက်နေ့ နံနက် ၃နာရီခွဲခန့် မန္တလေးမြို့သို့ ရောက်ရှိသွားကြသည်။

တရားတော်နာယူ

စာရေးသူတို့နှစ်ဦးသား ကိုယ်ပွားသတင်းစာတိုက်သို့ သွားရောက်ကြသည်။ ကိုယ်ပွားသတင်းစာတိုက် နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ဆရာတော်သံဃာတော်ငါးပါးအား အရုဏ်ဆွမ်း ဆက်ကပ်ရန် စီစဉ်နေကြသည်နှင့် ကြုံကြိုက်ခဲ့ရသည်။ ကိုယ်ပွားသတင်းစာတိုက် စာတည်းမှူး ဦးညွန့်ဇော်နှင့်အဖွဲ့က အံ့သြဝမ်းသာစွာနှင့် ဆီးကြိုကြသည်။ စာရေးသူတို့လည်း ကိုယ်ပွားသတင်းစာတိုက်ဝန်ထမ်းများနှင့်အတူ ဆရာတော် သံဃာတော်များထံမှ ငါးပါးသီလခံယူ၊ တရားတော်နာယူကြပြီးနောက် တည်းခိုခန်းသို့ ခရီးဆက်ခဲ့ကြသည်။

မတ်၂ရက်နေ့တွင် ကိုယ်ပွားသတင်းစာတိုက် စာတည်းမှူး၏ အစီအစဉ်ဖြင့် မန္တလေးမြို့ပေါ်ရှိဘုရားကြီးခေါ် မဟာမြတ်မုနိ၊ မန္တလေးတောင် ဆုတောင်းပြည့်စေတီတော်တို့ကို ဖူးမြော်ခဲ့ကြသည်။ တစ်လတစ်ကြိမ် မတ်၃ရက်နေ့ နံနက်စောစော အိပ်ရာကထ နံနက်စာစားပြီး ၈နာရီခန့်တွင် ကျောက်ဆည်မြို့သို့ ခရီးထွက်ခဲ့ကြသည်။ အဓိကရည်ရွယ်ထားသည့် ကျောက်ဆည်မြို့ မဟာရွှေသိမ်တော်ဘုရား ဆုတောင်းပြည့်မြတ်စွာဘုရားကို ဖူးမြော်ကြရန် ဖြစ်ပေသည်။ ဆုတောင်းပြည့် မဟာရွှေသိမ်တော် မြတ်စွာဘုရားသို့ နံနက် ၉နာရီကျော်တွင် ရောက်ရှိခဲ့ကြသည်။

ဘွဲ့အမည်ဆက်ကပ်

ဆုတောင်းပြည့် မဟာရွှေသိမ်တော် မြတ်စွာဘုရားသည် မန္တလေးတိုင်း ကျောက်ဆည်မြို့၏ မြောက်ဘက် နှစ်မိုင်ခန့်အကွာ သင်တောင်းကြီးရွာ၌ ကိန်းဝပ်တော်မူလျက်ရှိသည်။ အလျှုဒါယကာမှာ ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးဖြစ်သည်။ အနော်ရထာမင်းကြီးသည် ဉာဏ်တော်ကိုးတောင်ဖြင့် တည်ထားခဲ့ပြီး ရွှေသိမ်တော် မြတ်စွာဘုရားဟု ဘွဲ့အမည်ဆက်ကပ်ခဲ့သည်။ နှောင်းလူတို့က မဟာရွှေသိမ်တော် မြတ်စွာဘုရားဟု ဘွဲ့အမည် ဆက်ကပ်ခဲ့ကြခြင်းဖြစ်သည်။ ၁၃၀၀ပြည့်နှစ်တွင် ရွာသူရွာသားများသည် ဉာဏ်တော် ကိုးတောင်ရှိ စေတီတော်ကိုငုံကာ ဉာဏ်တော် ၁၃တောင်အဖြစ် တည်ထားခဲ့ပြီး မဟာရွှေသိမ်တော် မြတ်စွာဘုရားဟု ဘွဲ့အမည်ဆက်ကပ်ခဲ့ခြင်းဖြစ်သည်။ သက္ကရာဇ် ၁၃၅၆ခုနှစ်တွင် သင်တောင်း ရွာသူရွာသားများ၊ကျောက်ဆည်နယ်သူနယ်သားများ၊စေတနာရှင်ပါရမီရှင်အများ စုပေါင်း၍ ဉာဏ်တော် ၁၃တောင်ရှိ စေတီတော် မြတ်ကိုငုံကာ ဉာဏ်တော် ၃၄ တောင်အဖြစ် ပြုပြင်တည်ထားခဲ့သည်။ သို့ပါ၍ ယခုအခါ မဟာရွှေသိမ်တော် မြတ်စွာဘုရားသည် ကျောက်ဆည်မြို့တွင် ရွှေရောင်တဝင်းဝင်းဖြင့် တင့်တယ်သပ္ပာယ်စွာ ငွားငွားစွင့်စွင့် ကိန်းဝပ်လျက်ရှိသည်ကို ဖူးမြော်ခဲ့ရပေသည်။

မဟာရွှေသိမ်တော် မြတ်စွာဘုရားကြီးသည် ဒေသပြည်သူများ၏ အကျင့်စာရိတ္တကိုထိန်းသိမ်းစေသည့် ဖြစ်ရပ်များ ယနေ့တိုင် တည်ရှိနေသည်မှာ ထူးခြားလှပေသည်။ တစ်ဦးနှင့်တစ်ဦး အမှုကိစ္စ ဖြစ်ပေါ်ပါက တရားရုံးသို့ သွားရောက်ကြခြင်းမရှိပေ။ မဟာရွှေသိမ်တော် မြတ်စွာဘုရားကြီး၌ တရားပြိုင်ကြသည့် အလေ့အထမှာ ယနေ့တိုင် ဖြစ်သည်။ မဟာရွှေသိမ်တော် မြတ်စွာဘုရားကြီးတွင် တရားလိုနှင့်တရားခံတို့က ဖယောင်းတိုင် တစ်တိုင်စီ သို့မဟုတ် ပန်းပွင့်တစ်ပွင့်စီ ဆက်ကပ်ပြီး သစ္စာဆိုကြသည်။ သစ္စာမဆိုမီ တရားလို၊ တရားခံတို့သည် ငါးပါးသီလခံယူ တည်ဆောက်ကြရသည်။ မမှန်ကန်သူ၏ ဖယောင်းတိုင် မီးငြိမ်းခြင်း၊ ပူဇော်ထားသည့် ပန်းပွင့်ညှိုးခြင်းဖြင့် ဆုံးဖြတ်ပေးသည်။ ဤသို့စီရင် ဆုံးဖြတ်မှုများသည် ရှေးနှစ်ပေါင်းများစွာမှ ယနေ့တိုင် ဖြစ်ပေါ်ခဲ့သည့် အကြောင်းကိစ္စပေါင်းမြောက်မြားစွာ ဂေါပကအဖွဲ့ထံတွင် မှတ်တမ်းတင်ထားလျက်ရှိကြောင်း သိရှိရပေသည်။

အကျင့်စာရိတ္တပြုပြင်

အနော်ရထာမင်းကြီးသည် ပုဂံ၌ ပုဂံညှပ်ကြီးဖြင့် ပြည်သူများ၏အကျင့်စာရိတ္တကို ထိန်းသိမ်းပြုပြင်ခဲ့သည်ကိုလည်း မှတ်သားဖူးပါသည်။ ဖိုးသူတော်တစ်ဦးထံ လူတစ်ဦးသည် ရွှေများအပ်နှံထားခဲ့သည်။ ပိုင်ရှင်ကပြန်တောင်းသည့်အချိန်တွင် ဖိုးသူတော်က ပေးပြီးကြောင်း ငြင်းဆိုသည်။ ပုဂံညှပ်ကြီး၏ အဆုံးအဖြတ်ကိုရယူရန် သဘောတူညီကြသည်။ ဖိုးသူတော်က ကိုင်ဆောင်လေ့ရှိသောတောင်ဝှေးအတွင်း ရွှေများကို ထည့်ထားသည်။ ၎င်းသစ္စာဆိုချိန်တွင် ယင်းတောင်ဝှေးကို ပိုင်ရှင်အား ခေတ္တပေးအပ်ထားပြီး ရွှေများပြန်ပေးပြီးကြောင်း သစ္စာဆိုသည်။ ထိုအခါ ပုဂံညှပ်ကြီး အဆုံးအဖြတ် မပေးတော့သည်မှစပြီး လူအများ ပုဂံညှပ်ကြီးကို ယုံကြည်မှု မရှိကြတော့၊ ပုဂံညှပ်ကြီးလည်း ပျက်သွားသည်ဟုပါးစပ်ရာဇဝင်များကိုမှတ်ထားခဲ့ဖူးပါသည်။

မဟာရွှေသိမ်တော် မြတ်စွာဘုရား၏ သမိုင်းမှတ်တမ်းစာအုပ်များအရ ပုဂံညှပ်ကြီးနည်းတူ ဂေါဓော၊ ဂေါမံ၊ ဂေါဓ ဘီလူးသုံးကောင်တို့ စောင့်ရှောက်ပြီး ယနေ့အထိ အမှားအမှန်ကို စောင့်ရှောက်ဆုံးဖြတ်ဆဲဖြစ်ကြောင်း ဖတ်ရှုမှတ်သားခဲ့ရဖူးပါသည်။

ပွဲတော်များကျင်းပ

မဟာရွှေသိမ်တော်မြတ်စွာဘုရားတွင်နှစ်စဉ်ဗုဒ္ဓပူဇနိယပူဇော်ပွဲ လေးကြိမ်ကျင်းပပူဇော်လျက်ရှိသည်။ (၁) ဝါဆိုလပြည့်ကျော် ၁ရက်နေ့တွင် မြတ်စွာဘုရားအား ဝါဆိုသင်္ကန်းကပ်လှူခြင်း၊(၂)ကဆုန်လပြည့်နေ့တွင် ကဆုန်ညောင်ရေသွန်းပွဲတော်နှင့် မဟာသံဃိကဆွမ်းလောင်းလှူပွဲကျင်းပခြင်း၊ (၃)တန်ဆောင်မုန်းလဆန်း ၁၀ရက်နှင့် ၁၁ရက်နေ့များတွင် ဗုဒ္ဓပူဇနိယပွဲတော်ကို ကျင်းပကာ စတုဒိသာကျွေးခြင်း၊ (၄) တပို့တွဲလဆန်းတွင် ထမနဲထိုးပွဲ ကျင်းပကာ ဆွမ်းတော် ဆက်ကပ်ခြင်း၊ ပွဲတော်တို့ လာရောက်နိုင်ခြင်းမရှိသည့် သက်ကြီးရွယ်အိုများထံသို့ ထမနဲပို့ဆောင်လှူဒါန်းခြင်း စသည့်ပွဲတော်များကို နှစ်စဉ်မပျက် ယနေ့တိုင် ကျင်းပလျက်ရှိသည်။

စာရေးသူတို့လည်း မဟာရွှေသိမ်တော် မြတ်စွာဘုရားတွင် အချိန်နှစ်နာရီကျော် အားပါးတရ ဖူးမြော်လေ့လာမှတ်သားပြီး ပီတိစိတ်ပြည့်လျှမ်းစွာဖြင့်မန္တလေးသို့ ပြန်လည်ထွက်ခွာခဲ့ပါသည်။ မဟာရွှေသိမ်တော်မြတ်စွာဘုရားသည် ရန်ကုန်-မန္တလေး လမ်းမကြီးနှင့် မဝေးလှသော်လည်း တောင်နောက်ရွာမှ ကွေ့ပတ်သွားရခြင်းကြောင့် အမြင်နီးလျက် ခရီးဝေးသယောင် ဖြစ်နေခဲ့ရသည်။ ယခုအခါ တာဝန်ရှိလူကြီးများ၏ ကြီးကြပ်မှုနှင့် ဂေါပကအဖွဲ့ ကြိုးပမ်းမှုဖြင့် ဘုရားပရိဝုဏ်အထိ ကတ္တရာလမ်းကို ချောမွေ့စွာခင်းထားသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့သည် သွားလမ်းသာ၍ ပြန်လမ်းဖြောင့်ခဲ့ရသည်ကို မှတ်တမ်းတင်မိပါသည်။

ကျောက်ဆည်မြို့ မဟာရွှေသိမ်တော် မြတ်စွာဘုရားကြီး ဖူးမြော်ပြီးအပြန်တွင် စာရေးသူတို့ အမရပူရတွင် ထင်ရှားသည့် ဦးပိန်တံတား၌ ခေတ္တအပန်းဖြေပြီးနောက် တည်းခိုခန်းသို့ ပြန်ခဲ့ကြပါသည်။ နောက်တစ်နေ့ မတ် ၄ရက်နေ့တွင်ရန်ကုန်အပြန်ခရီး ရထားပေါ်တွင်အစ်ကိုကြီး ဦးကြင်မောင်နှင့် ဘုရားဖူးခရီးစဉ်တစ်လျှောက် အတွေ့အကြုံများ ပြောဆိုဖလှယ်ကြရင်း လိုက်ပါလာကြ၍ မမောနိုင်၊ မပန်းနိုင်ခဲ့ကြပါချေ။

ကျောက်ဆည်မြို့သို့ ရောက်ခဲ့ကြရင်ဖြင့် မဟာရွှေသိမ်တော်မြတ်စွာဘုရားကြီးကို မပျက်မကွက် ဝပ်တွားကော်ရော် ဖူးမြော်ကြဖို့ စေတနာစိတ်ထား ရှေ့သွားပြုလျက် တိုက်တွန်းလမ်းပြလိုက်ရပါသည်။ ။

တစ်ဦးနှင့်တစ်ဦး အမှုကိစ္စ ဖြစ်ပေါ်ပါက တရားရုံးသို့ သွားရောက်ကြခြင်းမရှိပေ။ မဟာရွှေသိမ်တော် မြတ်စွာဘုရားကြီး၌ တရားပြိုင်ကြသည့် အလေ့အထမှာ ယနေ့တိုင် ဖြစ်သည်။ မဟာရွှေသိမ်တော် မြတ်စွာဘုရားကြီးတွင် တရားလိုနှင့်တရားခံတို့က ဖယောင်းတိုင် တစ်တိုင်စီ သို့မဟုတ် ပန်းပွင့်တစ်ပွင့်စီဆက်ကပ်ပြီး သစ္စာဆိုကြသည်။ သစ္စာမဆိုမီ တရားလို၊ တရားခံတို့သည် ငါးပါးသီလခံယူ တည်ဆောက်ကြရသည်။ မမှန်ကန်သူ၏ ဖယောင်းတိုင် မီးငြိမ်းခြင်း၊ ပူဇော်ထားသည့် ပန်းပွင့်ညှိုးခြင်းဖြင့် ဆုံးဖြတ်ပေးသည်။

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မတ်၂၆ ရက်က မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း သားငါးဆိုင်တန်းများ ကျန်းမာသန့်ရှင်းရေးနှင့် ညီညွတ်စေရန် ယင်လုံဆန်ခါများဖြင့် ဖုံးအုပ်ရောင်းချနေမှုကို ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အဖွဲ့ပိုင် ဘတ်ဟိုးဖြင့် ရေမြောင်းဆယ်ယူမှုကို မတ် ၃၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဧပြီ ၁ရက်က မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ မြို့တွင်းကြာကန်၌ သန့်ရှင်းရေးဆောင်ရွက်နေမှု အခြေအနေကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးငွေးဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် ၆/၁၀ ရပ်ကွက် သံလွင်လမ်း ရန်ကြီးအောင်ကျောင်းတိုက်တွင် ဆောက်လုပ်ဆဲ ဓမ္မရတီသိမ်တော်ကြီးအတွက် စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် ၂၅ လေးလွှာနေ နှစ်ဖက်သော မိဘများအား အမှူးထား၍ ဦးခင်မောင်ဇော်-ဒေါ်ဝေဝေမောင် မိသားစုက အလှူငွေကျပ် ၄၅၀၀၀၀ ကို ရန်ကြီးအောင် ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မုဒုံမြို့၌ ကျေးရွာချင်းဆက် လမ်းဖောက်လုပ်

မုဒုံ ဧပြီ ၂၀

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ကမာဝက်-ကမာအုပ် ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်နေမှုကို မတ် ၁ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်ဝင်းတို့က ရှင်းလင်းတင်ပြကြောင်း သိရသည်။(**မြို့နယ်စည်ပင်**)

ဆောက်လုပ်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံသို့ ပညာဒါန ပြုလိုသူစေတနာရှင် ဒေါ်စန်းစန်းရီ မိသားစု အမှတ်၄၇၄ မဟာဗန္ဓုလလမ်း ပန်းဘဲတန်း မြို့နယ် ရန်ကုန်မြို့က မဟာသိပ္ပံ ဘက်စုံ ရန်ပုံငွေအတွက် အလှူငွေကျပ် တစ်သိန်းကို ဗိုလ်အောင်ကျော်လမ်း အမှတ် ၂၉၅-၂၉၇ သာစုကာရီ ဓမ္မာရုံရှိ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ မဟာသိပ္ပံဥက္ကဋ္ဌ၊ ဒုတိယ ပါမောက္ခချုပ် အငြိမ်းစား သံအမတ်ကြီး ဦးမြသန်းထံ ပေးအပ်လှူဒါန်းရာ အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ကျန်းမာရေးနှင့် ညီညွတ်စွာရောင်းချရေး ကွင်းဆင်းစစ်ဆေး

ပခုက္ကူ ဧပြီ ၁၅

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျန်းမာရေးမှူး(၂) ဦးလင်းလင်းနှင့် ဒုတိယဦးစီးမှူး (စည်းကမ်းထိန်း) ဦးမြင့်နိုင်တို့အဖွဲ့သည် မတ် ၁၃ရက်က မြို့ပေါ်ရှိ စားသောက်ဆိုင်များတွင် သန့်ရှင်းသပ်ရပ်ပြီး ကျန်းမာရေးနှင့် ညီညွတ်စွာ ရောင်းချမှုရှိမရှိ ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ကြကြောင်း သိရသည်။ (**မြို့နယ်စည်ပင်**)

သားငါးများ ဖုံးအုပ်ရောင်းချ

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း သားငါးများ ယင်လုံဆန်ခါများဖြင့် ဖုံးအုပ်၍ ရောင်းချ ဆောင်ရွက်မှုကို မတ်၂၅ ရက်က အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးနီထွန်းနှင့်အဖွဲ့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

သမိုင်းဝင်ကျိုက္ကလဲ့စေတီ ရွှေသင်္ကန်းကပ်လှူရေး ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၂၇

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သမိုင်းဝင်ကျိုက္ကလဲ့စေတီတော်ကြီးအား ဂေါပကအဖွဲ့မှ လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူလျက်ရှိရာ ကြည့်မြင်တိုင် ဈေးသူ ဈေးသားများမှ ငွေကျပ် ၁၄၁၁၀၀၊ ဦးသင်းဘဏ်-ဒေါ်ချိုချိုဦး၊ သား ဗိုလ်ရဲနိုင်၊ သမီး နွေးနွေးဝတ်ရည်(နွေးနွေး သီးထုပ်လုပ်ငန်း မင်္ဂလာဒုံဈေး)၊ ခရေရိပ်မွန်နေ ဦးခင်မောင်ထွေး-ဒေါ်စန်းစန်းဝင်းတို့က ငွေကျပ် တစ်သိန်းစီ၊ ဦးကျော်မြင့်-ဒေါ်ချိုချိုမြင့် (မ/ဒဂုံ)၊ ဦးအေးထွန်း-ဒေါ်အေး အေးခိုင်၊ ဦးဝင်းထွန်းဦး၊ ဒေါ်အေးအေးမြင့်၊ ဦးမျိုးမြင့်နောင်-ဒေါ်သင်းသင်းတို့က ငွေကျပ် ၁၅၀၀၀စီ အလှူငွေများကို ဂေါပကဥက္ကဋ္ဌ ဦးအောင်နိုင်ကလက်ခံရယူပြီး မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ အလှူငွေများကို ဩဝါဒါစရိယ ဆရာတော် ဖုန်း-၆၃၆၂၆၁၊ ဥက္ကဋ္ဌဖုန်း-၆၃၆၃၁၀၊ ဂေါပကရုံး ဖုန်း-၆၃၆၀၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။(**က-ပ**)

သွားချင်တဲ့ခရီးကိုသွား
ငှားချင်တဲ့ကားကိုငှား
TOP ဖုန်း- 243363
705877
ကို ၂၄ နာရီ ဖုန်းဆက်လိုက်ပါလား၊
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ထား။
Van၊ Saloon ကားများငှားရန်ရှိသည်၊

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် မက/၃၈၉၀ ယင်စင်း ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဦး ၈/ဂဂန(နိုင်) ၀၃၅၄၆၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပခုက္ကူ)။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မအူပင်မြို့နယ် မင်းဘောကျေးရွာအုပ်စု ထန်းပင်ကွေ့(အနောက်)ရွာနေ (ဘ) ဦးကျော်မြင့်၏သမီး မနီလာကျော် ၁၄/မအပ(နိုင်) ၀၀၀၆၁၁သည် ၁၄-၆-၂၀၀၆ ရက်တွင် သူမ၏ ဆန္ဒအလျောက် အိမ်ပေါ်မှဆင်းသွားပြီး ယနေ့ထိတိုင် မိဘများနှင့် ဆက်သွယ်ခြင်းမရှိသည့်အတွက် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။ **ဦးကျော်မြင့် ၁၄/မအပ(နိုင်)၀၃၂၈၉၇။**

ရန်ကုန်စီးပွားရေးတက္ကသိုလ် (၄၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ရက် ပြင်ဆင်သတ်မှတ်ခြင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ (၄၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မူလကျင်းပမည့်နေ့ရက်အစား ၂၀၀၈ခုနှစ် ဖွန်လအတွင်း အောက်ဖော်ပြပါအတိုင်း ပြောင်းရွှေ့ ကျင်းပမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဘွဲ့နှင်းသဘင်ပထမနေ့	-	၂၀၀၈ ခုနှစ် ဇွန်လ ၂၈ ရက် (စနေနေ့)
ဘွဲ့နှင်းသဘင်ဒုတိယနေ့	-	၂၀၀၈ ခုနှစ် ဇွန်လ ၂၉ ရက် (တနင်္ဂနွေနေ့)
အစမ်းလေ့ကျင့်မည့်ရက်	-	၂၀၀၈ ခုနှစ် ဇွန်လ ၂၆ ရက် (ကြာသပတေးနေ့)
အစမ်းလေ့ကျင့်မည့်အချိန်	-	နံနက် (၉း၀၀)နာရီတွင် ၂၈-၆-၂၀၀၈ ရက်တွင် ဘွဲ့ယူမည့်သူများ မွန်းလွဲ (၁း၀၀)နာရီတွင် (၂၉-၆-၂၀၀၈)ရက်တွင် ဘွဲ့ယူမည့်သူများ
အစမ်းဝင်ခွင့်ကတ်ပြားနှင့် ဘွဲ့ဝတ်စုံငှားရမ်းမည့် ထောက်ခံစာထုတ်ပေးမည့်နေ့	-	၂၀၀၈ ခုနှစ် ဇွန်လ ၂၀ ရက် (သောကြာနေ့)

ဌာနမှူး-သင်တန်းရေးရာ
ရန်ကုန်စီးပွားရေးတက္ကသိုလ်။

အမည်ပြောင်း

အဖ ဦးထွန်းဝင်း၏ သမီး အလက(၇) လှိုင် သတ္တမတန်း(B)မှ မဖင်မြတ်မွန်အား မမြတ်စောမွန်ဟု ပြောင်းလဲခေါ်ပါရန်။

မမြတ်စောမွန်။

အမည်ပြောင်း

ဦးညွန့်တင်-ဒေါ်ခင်ဝေ၏သား ပင်းတယမြို့ သရက်ကုန်းကျေးရွာနေ မောင်ကျော်သူဝင်းအား ယနေ့မှစ၍ မောင်သူဝင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သူဝင်း။**

အမည်ပြောင်း

ဇန်းမော်မြို့ အထက (၂)နဝမ တန်း(A)မှ မချွန်လင့် ဖိန်းအား ယနေ့မှစ၍ မသင်းသင်းခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မသင်းသင်းခိုင်။

ပြင်ဆင်ဖတ်ရှုပါရန်

၃၁-၃-၂၀၀၈ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၁၄)ပါ မောင်နေမျိုးအောင်-မလှလှထွန်းတို့၏ စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း ကြော်ငြာတွင် ဦးချစ်ဦး (Forwards Trading Enterprise) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

မောင်နေမျိုးအောင်-မလှလှထွန်း။



မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် စက/၃၂၃၁၀ Hi Bird ယာဉ်လက်ဝယ်ရှိသူ ဦးမင်းအောင် မှတ်ပုံတင်အမှတ် ၅/ကလန(နိုင်)၀၃၃၆၉၁ကယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) အမှုပြီး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(စစ်ကိုင်းမြို့)။

ဖိတ်ကြားလွှာ

မွန်ပြည်နယ် သထုံမြို့ ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်တွင်း တည်ဆောက်ပြီးစီးသွားသော သုဝဏ္ဏဘူမိသာသနာ့ဗိမာန်တော်ဖွင့်ပွဲနှင့် ရေစက်ချ မင်္ဂလာအခမ်းအနားကို ၂၀၀၈ခုနှစ် မေ ၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ အလှူရှင်များအနေဖြင့် ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

သမီးနှင့်သမက်အဖြစ်မှ ရာသက်ပန်စွန့်လွှတ်ခြင်း

အေးအေး(ခ) နန်းစောအေး(ခ)နန်းမုန်းနိုခြေ(ခ)နန်းစောထွေး ၁/မကတ(နိုင်)၀၄၉၄၉၀ ခိုင်လုံကျောက်မျက်ကုမ္ပဏီနှင့် ရန်ချီး(ခ) ရန်စီမင်း(ခ) သီဟအောင် ၁၃/လရန(နိုင်)၀၈၃၄၈၃ မဟာအစ ပထမ ကျောက်မျက်ကုမ္ပဏီ၊ Young's Auto Car Service Center ရန်ကုန်မြို့(၆)မိုင်ခွဲ၊ ပြည်လမ်း၊ အမှတ် (၆၄၇/အေ)သည် မိဘနှင့်မိသားစုဝင်များအပေါ် သစ္စာမဲ့စွာ ယုံကြည်မှုအပေါ် အလွဲသုံးစားလုပ်ပြီး မည်သည့် မိဘနှင့်မိသားစုဝင်များမှ ခွင့်လွှတ်နားလည်ပေးနိုင်မည်မဟုတ်သည့် လုပ်ရပ်များကို အကြိမ်ကြိမ် ကျူးလွန်လုပ်ဆောင်ခြင်း၊ မိဘများကို စိတ်ဆင်းရဲစေရန် တမင်ဖန်တီးဆောင်ရွက်ခြင်းနှင့် မိဘတို့၏ အကြိမ်ကြိမ်ဆိုဆုံးမမှုကို လက်ခံမှု မရှိသည့်အပြင် မိဘနှင့်ဆွေမျိုး အသိုင်းအဝိုင်းတို့၏ ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ် ဆောင်ရွက်ခြင်းတို့ကြောင့် သမီးနှင့်သမက်အဖြစ်မှ ရာသက်ပန် စွန့်လွှတ်ကြောင်းနှင့် ၎င်းတို့၏ မှုမမှန်သည့် မည်သည့်လုပ်ဆောင်ချက် အရှုပ်အထွေးမှန်သမျှတို့သည်လည်း မိဘများနှင့် လုံးဝပတ်သက် စပ်ဆိုင်မှုမရှိပါကြောင်း ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းနိုင်ပါသည်။

မိဘ-ဦးမောင်ကျင်၊ဒေါ်ခမ်းဆာ
(၀၉-၅၁-၈၈၈၈၉၊၀၉-၅၁-၈၈၈၈၂)။

ကြော်ငြာစာ

အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃
ရန်ကုန်အနောက်ပိုင်းခရိုင်တရားမရုံးတော်၌
၂၀၀၈ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၃၅

ကွယ်လွန်သူ ဦးမြင့်နှင့်ဒေါ်စိန်စိန်တို့၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။

အလုံမြို့နယ် ဌာနာရပ်ကွက်၊ ဌာနာလမ်း၊ အမှတ်(၁၅)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးမြင့်နှင့် ဒေါ်စိန်စိန်တို့၏ ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူ ဒေါ်ဘေဘီက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၈ခုနှစ် မေ ၂၃ရက် (၁၃၇၀ပြည့်နှစ် ကဆုန်လပြည့်ကျော် ၄ရက်) တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူဦးမြင့်နှင့် ဒေါ်စိန်စိန်တို့၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတခုခုသက်ဝင်သည် အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထား ဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်)ဆိုခဲ့သော ၂၀၀၈ခုနှစ် မေ ၂၃ရက်(၁၃၇၀ပြည့်နှစ် ကဆုန်လပြည့်ကျော် ၄ရက်)၌ မိမိတို့ကိုယ်တိုင်သော် လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော လျှောက်ထားသူ ဒေါ်ဘေဘီ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၀၈ခုနှစ် ဧပြီ ၂၃ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကျော်ဆွေ
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

သင်....သိမ်ကျောင်းတော်ကြီး လှူချင်ပါသလား?

ကိုးဘွဲ့ရ ဆရာတော် အရှင်အာစာရာလင်္ကာရ (စစ်ကိုင်း၊ ရွှေဟင်္သာ) တည်ဆောက်နေသည့် မဟာသိမ်တော်ကြီး ပြီးစီးပါတော့မည်။ ဝါဆိုလပြည့်နေ့မှာ ရေစက်ချပါမည်။ ၁၀ပေ ပတ်လည်တစ်ခန်းလျှင် ကျပ်ဆယ်သိန်းဖြင့် လှူဒါန်းနိုင်ကြပါပြီ။

ကိုးဘွဲ့ရကျောင်းတိုက် (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ရန်ကုန်၊

ဖုန်း-၀၉-၂၁-၃၀၈၉၅၊ ၀၉-၅၀-၅၅၈၃၈၊ ၀၉-၅၀-၅၅၁၇၆၊ ၀၉-၉၉-၇၀၄၈၆၊ ၀၁-၇၀၈၄၀၃။

မြတ်ဆရာပူဇော်ပွဲနှင့် တွေ့ဆုံပွဲဖိတ်ကြားလွှာ

၁၉၇၅-၁၉၈၁ခုနှစ် ရန်ကုန်စက်မှုတက္ကသိုလ်၊ မြို့ပြအင်ဂျင်နီယာဘာသာရပ် ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲနှင့် တွေ့ဆုံပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါ၍ သူငယ်ချင်းတို့အားလုံး မပျက်မကွက် တက်ရောက်ပူဇော်တွေ့ဆုံကြရန် ခင်မင်လေးစားစွာဖြင့် ကျင်းပရေးကော်မတီမှ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်	-	၂၀၀၈ ခုနှစ်၊ မေလ ၃ရက်(စနေနေ့)
အချိန်	-	ညနေ ၅း၀၀ နာရီ (ဆည်းဆာချိန်)
နေရာ	-	**Dolphin Restaurant** (ဗိုလ်ချုပ်ပန်းခြံဝင်း)။





- ❑ မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း..
- ❑ လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း..
- ❑ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း..
- ❑ နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့သြဇာခံအဖြစ်ကို မလိုလားသူတိုင်း..
- ❑ နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း..

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့။

ထောက်ခံမဲပေး

သူငယ်ချင်းကောင်း ယောက်မတို့ရေ
မဲရုံဆီ အရောက်သွားလို့
မဲပြားယူလေ။
ထောက်ခံမဲ ပေးစို့အေ
ဒို့တစ်တွေ အခွင့်အရေး။
အခြေခံဥပဒေ ထောက်ခံပွဲကို
ဒို့တစ်တွေ အတူနွှဲပါလို့
(သူငယ်ချင်းတို့ရေ...)
မဲဆန္ဒပေး ။ ။

ပညာသု

- ● မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
ဆူပူမှုဖြင့် ဒီမိုကရေစီ မရနိုင်။
အခြေခံဥပဒေဖြင့်သာ
ဒီမိုကရေစီ ရနိုင်သည်။

- ● ဒို့အနာဂတ် ဒို့ဖန်တီးဖို့
အခြေခံဥပဒေ အတည်ပြုစို့။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်နှင့် မန္တလေးတိုင်း၊ ခရိုင်၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၂၇

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်နှင့် မန္တလေးတိုင်း၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၆ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၃ ●

ဧပြီ ၂၇ ရက်က ဖွင့်လှစ်လိုက်သော လယ်မြေဧက ၃၀၀ ကို ဆည်ရေပေးဝေနိုင်မည့် နေပြည်တော် ပျဉ်းမနား တောက်ပြိုချောင်းပေါ်တွင် တည်ဆောက်ထားသည့် တောက်ပြိုရေလှောင်တမံကို ဤသို့တွေ့ရသည်။
(ကျော်စိန်၏ သတင်းဆောင်းပါး စာ-၁၂) ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်)

ဒီမိုကရေစီထွန်းကားရေး အခြေခံဥပဒေ အတည်ပြုပေး။

28-4 (20).pmd 1 4/28/2008, 12:39 AM